# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့် ၊ သောကြာနေ့ ၊ (29-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၄/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၄/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို တာဝန်ယူရသည့်နိုင်ငံ၏အမြင့်ဆုံးအဖွဲ့အစည်းဖြစ်**ကြောင်း၊ ထို့ကြောင့် **လုပ်ငန်းများဆောင်ရွက်ရာတွင် စံနမူနာပြလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပြီး၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ ကောင်းကျိုးကို** စာမျက်နှာ ၁၆ ကော်လံ ၁ သို့



ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

တော်သလင်းလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ခြောက်လမြောက်ရာသီဖြစ်သည်။ မိုးကောင်းကင်တစ်ခွင်တွင် မိုးသားမိုးတိမ်များ ကင်းစင်၍ ကြည်လင်သာယာလျက်ရှိသည့်အတွက် တော်သလင်းနေ ပုစွန်သေ ဟူသောစကားအတိုင်း ငါးငယ်၊ ပုစွန်ငယ်ကလေးများ သေစေလောက်အောင် နေပြင်းပြစွာ ထွန်းလင်းတောက်ပသောလလည်းဖြစ်သည်။ တော်သလင်းလတွင် မြစ်ရေတို့သည် သင်ဖြူးခင်းထားသလို ညီညာပြည့်တင်းနေသည့်အတွက် လှေပြိုင်ပွဲများကို ရာသီပွဲတော်တစ်ခုအဖြစ် ရှေးမြန်မာမင်းများလက်ထက်က စည်စည်ကားကား ကျင်းပကြသည်။

တော်သလင်းလ၏ အနှစ်သာရမှာ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ပင်ဖြစ်သည်။ ဂရုဓမ္မတရားတော်ဖြစ်သော လူတိုင်း အလေးအမြတ်ထားလိုက်နာကျင့်သုံးသင့်သည့် ငါးပါးသီလတရားကို စောင့်ထိန်းလိုက်နာ ကျင့်သုံးအပ်သောကြောင့် ဂရုဓမ္မအခါတော်နေ့အဖြစ် ထင်ထင်ရှားရှား သတ်မှတ်သော နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည်။ ဂရုဓမ္မကို ကုရုတိုင်းသားတို့ စောင့်ထိန်းသောတရားတော်ဖြစ်သောကြောင့် ကုရုဓမ္မနေ့ဟုလည်း တစ်နည်းမှတ်သားကြလေ့ရှိသည်။

ဂရုဓမ္မအခါတော်နေ့ဖြစ်ပေါ်လာပုံမှာ ဂေါတမမြတ်စွာဘုရားရှင်က ဂရုဓမ္မဇာတ်တော်ဟောကြားခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ရှေးအခါက ကုရုတိုင်းနှင့် ကာလိင်္ဂတိုင်းတို့ ထီးပြိုင်နန်းပြိုင် မင်းပြုနေထိုင်ကြသည်။ ကုရုတိုင်းတွင် မိုးလေဝသမှန်ကန်အေးချမ်းသော်လည်း ကာလိင်္ဂတိုင်းတွင် မိုးလေမမှန်ဘဲ ငတ်မွတ်ခေါင်းပါးဘေးရင်ဆိုင်နေရသည်။ ထို့ကြောင့် ကာလိင်္ဂတိုင်းပြည်၌ မိုးလေမှန်စေလို၍ ဘုရင်ကိုယ်တိုင် ဥပုသ်သီလဆောက်တည်ခြင်း၊ အိမ်နီးချင်းကုရုတိုင်းမှ အဉ္ဇနဝဏ္ဏဆင်တော်ကို တောင်းယူရရှိခြင်းတို့ လုပ်ဆောင်ခဲ့သော်လည်း မိုးခေါင်မြဲသာဖြစ်နေသေးသည်။

ထို့ကြောင့် ကာလိင်္ဂဘုရင်က ကုရုတိုင်း မိုးလေမှန်ကန်အေးချမ်းမှုသည် ကုရုတိုင်းသားတို့စောင့်ထိန်းလိုက်နာသော ဓမ္မတရားများနှင့်သာ ဆိုင်မည်ဟု ဆုံးဖြတ်ပြီး သံတမန်တို့စေလွှတ်ကာ ရွှေပေလွှာဖြင့် မှတ်သားစေသည်။ ကုရုတိုင်းမှ (၁) ရှင်ဘုရင်၊ (၂) မယ်တော်ကြီး၊ (၃) မိဖုရားကြီး၊ (၄) အိမ်ရှေ့စံမင်း၊ (၅) ပုရောဟိတ်၊ (၆) မြေတိုင်းအမတ်၊ (၇) ရထားထိန်း၊ (၈) လယ်ပိုင်ရှင်၊ (၉) တင်းခြင်အမတ်၊ (၁၀) တံခါးမှူး၊ (၁၁) ပြည့်တန်ဆာမ ဟူသော လူပုဂ္ဂိုလ် ၁၁ ဦး၏ ထူးထူးခြားခြားစောင့်ထိန်းသော သီလတရားတို့ကို ရွှေပေလွှာတွင် ရေးမှတ်ခဲ့သည်။ ထို့နောက် ကုရုတိုင်းသားတို့ စောင့်စည်းသည့် သီလတရားများကို တူရာစုသော် ငါးပါးသီလအဖြစ် ထွက်ပေါ်လာပြီး ကာလိင်္ဂတစ်တိုင်းပြည်လုံးက ကျင့်သုံးစောင့်ထိန်းကြရာ ငတ်မွတ်မှုဘေးမှ ကင်းဝေးပြီး မိုးလေဝသမှန်ကန်၍ ကုရုတိုင်းနည်းတူ အေးချမ်းသာယာခဲ့ရသည်။ ကုရုတိုင်းသားတို့ စောင့်ထိန်းသီလဖြစ်သော၊ အကျင့်မြတ်သီလများရရှိခဲ့သည့် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် ယနေ့တိုင် အစဉ်အဆက် ခေါ်ဆိုကျင့်ကြံခဲ့ကြခြင်းပင်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း၊ သူတော်ကောင်းတရားကို မြတ်နိုးသူတိုင်း ဂရုဓမ္မ ခေါ် ငါးပါးသီလကို မြဲမြံကြရန် လိုအပ်ပါသည်။ လူတစ်ဦး၏ တန်ဖိုးသည် သူ၏ကိုယ်ကျင့်သီလတရားနှင့် ထပ်တူကျပါသည်။ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သီလပျက်ယွင်းပါက ဘေးအန္တရာယ်အပေါင်း၊ အကုသိုလ်အပေါင်းနှင့်လည်း မလွဲမသွေကြုံရပေမည်။ ထို့ကြောင့် တန်ဖိုးရှိသောလူအဖြစ် အများ၏ကြည်ညိုလေးစားမှုရရှိရန်မှာ ငါးပါးသောသီလတရားတို့ကို နေ့စဉ် မကျိုးမပေါက်စေဘဲ လုံခြုံအောင် အမြဲလိုက်နာစောင့်ထိန်းသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေး ဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ တရုတ်ကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်ဘက်က ကြက်သွန်ဖြူအသစ်တွေတော့ မန္တလေးဈေးကွက်အတွင်း တဖြည်းဖြည်း အဝင်နည်းလာတယ်။ တရုတ်ကြက်သွန်ဖြူတွေ ဈေးကွက်ထဲမှာ ကုန်ပစ္စည်းလက်ကျန်က သိပ်မရှိတော့ဘူး။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်ထဲမှာ ကုန်စည်လက်ကျန် နည်းပါးလာပြီးတော့ ဈေးကောင်းပြန်ရလာတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာလ ဒုတိယပတ်က တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၂၇ရက် ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူတွေလဲ လက်ကျန် သိပ်ပြီးမရှိတော့တာကြောင့် ဈေးကောင်းပြန်ရလာတယ်။ တရုတ်ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်ထဲ ပြန်ဝင်လာရင်တော့ ဈေးက ပြန်ပြီးတည်ငြိမ်သွားဖို့ရှိပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ယခုဘဏ္ဍာနှစ်တွင် မြို့နယ် ၁၂ မြို့နယ်ရှိ သမဝါယမအသင်းသားများကို လယ်ယာသုံးစက်ကိရိယာ ၂၃ စီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးထား



**မန္တလေး အောက်တိုဘာ ၂၈**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ Daedong ၂၃ စီးကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

လယ်ယာသုံး စက်ကိရိယာ Daedong စက်အမျိုးအစားခုနစ်မျိုးကို သမဝါယမအသင်းသားတောင်သူများ ကြိုက်နှစ်သက်သည့် စက်အမျိုးအစားအလိုက် အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ လက်ငင်းစနစ်ဖြင့်လည်းကောင်း ရောင်းချပေးကြောင်း၊ ၎င်းစက်အမျိုးအစားများမှာ DT-100 N၊ CK-2810၊ DS-3510၊ DS -4110၊ DS-4510၊ EX- 50 HP၊ RX-7620 တို့ဖြစ်ကြောင်း၊ အဆိုပါ လယ်ယာသုံးစက်များကို ဧပြီလမှ စတင်ရောင်းချပေးခဲ့ရာ ယနေ့ထိ အစီးရေ ၂၃ စီးကို ရောင်းချပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

"စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြတဲ့ တောင်သူတွေကို လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကူးပြောင်းဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးခဲ့ပါတယ်။ ရောင်းချပေးခဲ့တာဆိုရင် ဧပြီလကနေစပြီး ဒီနေ့ထိ လယ်ယာသုံး စက်ကိရိယာ ၂၃ စီး ရောင်းချပေးထားပါတယ်။ ကျန်ရှိနေသေးတဲ့ လယ်ယာသုံးစက်ကိရိယာသုံးစီးကိုလဲ ဆက်လက်ရောင်းချပေးနေပါတယ်။ အရစ်ကျစနစ်နဲ့ကော၊ လက်ငင်းစနစ်နဲ့ပါ ရောင်းချပေးနေတာပါ။ မိမိကိုယ်ပိုင် လယ်ယာသုံး စက်ကိရိယာတွေ ရှိကြတဲ့အတွက် အချိန်မီအခါမီထွန်ယက်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ပါတယ်" ဟု ဦးလှိုင်မိုးက ပြောပြသည်။

လယ်ယာသုံး စက်ကိရိယာ Daedong စက်များ ရောင်းချပေးခဲ့သည့် မြို့နယ်များမှာ အမရပူရ၊ ပြင်ဦးလွင်၊ သပိတ်ကျင်း၊ မြစ်သား၊ တံတားဦး၊ မိတ္ထီလာ၊ မလှိုင်၊ တောင်သာ၊ ငါန်းဇွန်၊ ပျော်ဘွယ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် Click (ပုံပြောင်း)ဒလက် ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့် ဈေးရှိကြောင်း၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)ဘီးမှာ ငွေကျပ် ၁၅သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းခန့်၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင် ကားတင်သွင်းမှုများ လျော့နည်းလာသော်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေပြီး နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ်အေးနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ကားလေးများ အရောင်းအဝယ်ရှိနေကြောင်း၊ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ရ်၊ တိုယိုတာဗစ်ဇ်၊တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ကံစွယ်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝါးခွကျေးရွာအုပ်စု ကံစွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝါးခွကျေးရွာအုပ်စု ကံစွယ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆိုလာစနစ်သုံးရေသန့်စင်စက်တစ်စုံ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝါးခွကျေးရွာအုပ်စု ကံစွယ်ကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၃၆၀၀၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ၃တိယပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၅၈ လမ်း-၅၉ လမ်းကြား၊ ၂၇ လမ်း- ၂၈ လမ်းကြားနေ ဦးသန်းအောင်ကျော်မိသားစုက မိဘနှစ်ပါးအားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၇၆၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဘူးစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၇၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၅၀၀ စိုက်ပျိုးရန်လျာထားပြီး မေလကုန်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဟင်းသီးဟင်းရွက် ၄၇၆၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၅၀၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၄၇၆၈ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေ တိုးလာမဲ့အပြင် အခြားဒေသကနေလဲ တင်သွင်းစရာမလိုတော့မှာဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေ ရာသီအလိုက် စိုက်ပျိုးပေးနေပါတယ်။ အဓိကကတော့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အသီးအနှံတွေရရှိဖို့ပါ။ ပြည်တွင်းစားသုံးမှုဖူလုံစေဖို့၊ အပိုဝင်ငွေတွေရရှိစေဖို့အတွက် ရည်ရွယ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ဧက လျာထားချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာတွင် နံနံပင်၊ ခရမ်းချဉ်၊ ခရမ်း၊ ချဉ်ပေါင်၊ ဘူး၊ ရုံးပတီ၊ ဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင်ပဲတောင့်ရှည်၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါး စသည့် သီးနှံများကို အဓိကစိုက်ပျိုးထားကြောင်း သိရသည်။

(၁၈၅)

# တောင်တွင်းကြီးမြို့နယ် အောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အောင်းစုကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းကြောင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ နေကြာအပါအဝင် ဆီထွက်သီးနှံများ အဓိကထား စိုက်ပျိုးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများကို စနစ်တကျဖြည့်သွင်းထားစေလိုကြောင်း၊ အရင်းအတိုးများ ပေးဆပ်ရာတွင်လည်း သတ်မှတ်ကာလအတွင်း အလေးထားပေးဆပ်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက အောင်းစုကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူ ၈၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

# တောင်ငူမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်ငူ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကံကြီးကျေးရွာနှင့် ဇရပ်ကွင်းကျေးရွာတို့၌ ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကံကြီးကျေးရွာနှင့် ဇရပ်ကွင်းကျေးရွာတို့၌ တွင်းနက်တူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်မှာကြားသည်။

တောင်ငူမြို့နယ် ဇရပ်ကွင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၂၀၃၁ သန်းအသုံးပြုပြီး ဇူလိုင် ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကံကြီးကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၂၅ သန်းအသုံးပြုပြီး ဇူလိုင် ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုညီ**



# သစ်ဆင်း-နှမ်းကြဲ-လှေပြိုင်ပွဲနှင့် သီလပျံ့သင်း မြတ်တော်သလင်း

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**ကန်ရာသီအမည်ရ၊ သစ်ဆင်းလမာသာ၊**
**သတ္တဝါသျှ ကြယ်မဟာငယ်၊ တူမကွာယှဉ်သုံး။**
**ပန်းရင်းမာညာချိုရှန်းလို့၊ ပွင့်ကြတုန်းအခါ၊**
**တေတျာသံပြိုင်ရှိုးပါလို့၊ ဟီးတိုက်ကြသူထက်ကား**
**ငါ။**
**အောင်မောင်းစည်တော်ခင်၊ တီးဖြိမ့်ဖြိမ့်ပင်၊**
**လေးကျွန်းလုံးထိပ်တင်ငယ်၊ ရေသဘင်စံမြဲရှင်**
**လေး။**

(ဦးပုညဖွဲ့-တေးထပ်)

**"အာနိ၊ မြိခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်ပျံ့သင်း၊ တော်သလင်းဝယ်၊ မြစ်တွင်းရတု၊ ပန်းလှသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်၊ စွင့်ရေးကိုင်၍"**
**(ဆီသည်ရွာစားဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီဘွဲ့လူးတား)**

တော်သလင်းလနှင့်ပတ်သက်၍ ရှေးမြန်မာစာပေဂီတပညာရှင်ကြီးများက စာပန်းချီမျိုးစုံခြယ်သကာ အမွမ်းတင် ဂုဏ်ပြုခဲ့ကြသည်။ တော်သလင်းလ၏ ရာသီအမည်က **"ကန်"**၊ စန်းပြည့်နက္ခတ်က **"မြဲဗ္ဗာဘဒြပိုဒ်"**၊ ယှဉ်တာရာက **"ချိုင်းတာရာ"**၊ ရာသီရှပ်က **"လေစီးသတို့သမီး"**၊ ရာသီပန်းက **"ရင်းမာပန်း"**၊ ရာသီပွဲက **"လှေသဘင်ပွဲတော်"**၊ လပြည့်သန်းခေါင်နက်ပေါင်းခပင်က **"ကုလားမျက်စိပင်၊ နွားလျှာကြီးပင်"**၊ ရက်ရာဇာက **"ကြာသပတေး၊ စနေ"**၊ ပြဿဒါးက **"ဗုဒ္ဓဟူး၊ သောကြာ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရှပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာတွင် **"တော်သလင်းလ"**ဟု ခေါ်ဆိုခဲ့ကြပြီး ညောင်ရမ်းခေတ်၊ ဒုတိယအင်းဝခေတ်တွင် **"သစ်ဆင်းလ"**ဟု ခေါ်ဆိုခဲ့ကြသည်။ သို့သော် **"သစ်ဆင်းလ"**ကို စာပေတေးကဗျာ၊ ရာသီဖွဲ့များတွင် သုံးနှုန်းခဲ့ကြပြီး သက္ကရာဇ်မှတ်တမ်းတွင် "တော်သလင်းလ"ဟုသာ သုံးနှုန်းခေါ်ဆိုကြသည်။

**တော်**= အထက်ကောင်းကင်၊ **သလင်း**= သာယာခြင်း၊ ထွန်းလင်းခြင်း။ ထို့ကြောင့်**"တော်သလင်းလ"**ကို အထက်ကောင်းကင်တစ်ခွင်တွင် သာယာထွန်းလင်းနေသောလဟု သတ်မှတ်ထားကြသည်။ **"တော်သလင်းမြစ်တွင်း သင်ဖြူးစင်း"**ဟူသောစကားနှင့်အညီ မိုး၊ လေ၊ မုန်တိုင်း၊ လှိုင်းမထန်တော့ဘဲ သာယာကြည်နူးဖွယ်ရာသီအခါသမယဖြစ်သည်။

တော်သလင်းလမြစ်ရေပြင်ထဲတွင် **"သစ်ဆင်းပွဲ"**၊ **"လှေပြိုင်ပွဲ"**များကို ကျင်းပခဲ့ကြသည်။ **"သစ်ဆင်းပွဲ"**၊ **"သစ်ဆင်းလ"**ဟု ခေါ်ဆိုခဲ့ခြင်းမှာ ထိုလတွင် ရေစီးရေလာကောင်းမွန်သောကြောင့် အထက်အညာတစ်ခွင်မှ သစ်ဖောင်၊ ဝါးဖောင်များကို အောက်အရပ်သို့ စုန်ဆင်းမျှောချကြခြင်း၊ မိုးတွင်းကာလမှ ရိုးမတောင်တန်းများပေါ်၌ ခိုအောင်းနေကြသောသတ္တဝါများသည် ထိုလတွင် မြေပြန့်လွင်ပြင်ဆီသို့ ပြောင်းရွှေ့ဆင်းသက်လာကြခြင်း၊ မြစ်ကမ်းဘေးတွင် စိုက်ထူထားသောသစ်တိုင်အမြင့်များပေါ်မှ မြစ်ရေပြင်ပေါ်သို့ အားကစားသဘောမျိုး ခုန်ဆင်းကြခြင်းများကြောင့် သတ်မှတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် တော်သလင်းလတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ရေပြင်ကျယ်များ၌ လှေလှော်ပြိုင်ပွဲများကို ရှေးမင်းအဆက်ဆက်ကတည်းက နှစ်စဉ် ကျင်းပခဲ့ကြသည်။ ထိုသို့ လှေလှော်ပြိုင်ပွဲများ ကျင်းပခြင်းမှာ လှေတပ်မတော်အတွက် စစ်သည်ကောင်းများပေါ်ထွန်းလာရေးအတွက်ဖြစ်သည်။ ပုဂံခေတ်နရပတိစည်သူမင်းလက်ထက် စစ်သည်တော်များ ရွေးချယ်ရာတွင် ခြေဆယ်ပွဲရမှ မြင်းတင်ရာသည်၊ မြင်းဆယ်ပွဲရမှ ဆင်တင်ရာသည်၊ ဆင်ဆယ်ပွဲရမှ လှေတင်ရာသည်၊ လှေဆယ်ပွဲရမှ လေးရာပြကိုပေးရသည်ဟု အရည်အချင်းစစ်တမ်းအရ လှေတပ်မတော်သည် အဆင့်အမြင့်ဆုံးတပ်မတော်ဖြစ်ခဲ့သည်။ နယ်ချဲ့လက်အောက်ရောက်မှ မှေးမှိန်သေးသိမ်သွားခဲ့ပြီး လှေရေး ၃၇ ရေး အတတ်ပညာလည်း ပျောက်ကွယ်ခဲ့ရသည်။

လှေပြိုင်ပွဲသဘင်များကို **"ပန်းလှသဘင်၊ ရေပွဲသဘင်၊ တက်ရေးပြပွဲ၊ မြစ်ယံပွဲ၊ နဒီပွဲနှင့် အဏ္ဏဝါပွဲ"**ဟူ၍လည်း ခေါ်တွင်ခဲ့ကြသည်။

**နှမ်းကြဲကာလ**

ထို့ပြင် နှစ်ဆန်းမှ ၁၅၄ ရက်ရောက်လျှင် တော်သလင်းလဖြစ်သည်။ ရင်းမာပန်းတို့ ထုံမွှေးသင်းကြိုင်ကြသည်။ ထိုအခါ ရွာသောမိုးကို ကန်ဆင်းမိုးဟုခေါ်ကြသည်။ ထိုနေ့အရှက်တက်၌ ဖျောက်ဆိပ်ကြယ်စု (ကြတ္တိကာနက္ခတ်) မွန်းလွဲသည်။ တောင်သူလယ်သမားတို့ နှမ်းကြဲကြရသောအချိန်အခါဖြစ်ကြောင်း **"မဃဒေဝလင်္ကာ"**တွင်-

**"မှတ်လေ့ထင်ရှား၊ အတိတ်ကြား၏၊**
**ရာငါးဆယ့်လေး၊ မဝေးသချိုး၊**
**ပဒုမ္မာကြာနှင့်၊ ရင်းမာထုံသင်း၊**
**တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊**
**ဖျောက်ဆိပ်လွဲဟု၊ နှမ်းကြဲကာလ၊**
**ယူကုန်ကြ၏"**ဟု ဖွဲ့ဆိုထားသည်။

တော်သလင်းလ၏ လောကီရေးရာပွဲတော်များအပြင် လောကုတ္တရာရေးရာထူးခြားပူဇော်ပွဲလည်းရှိသည်။ ထိုပူဇော်ပွဲမှာ တော်သလင်းလကို **"ဂရုဓမ္မအစါတော်လ"** တော်သလင်းလပြည့်နေ့ကို **"ဂရုဓမ္မအစါတော်နေ့"**ဟု သတ်မှတ်ပူဇော်လိုက်နာကျင့်ကြံနေကြခြင်းပင်ဖြစ်သည်။

**ပဉ္စသီလ ခေါ် ဂရုဓမ္မမြတ်သီလ**

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ တော်သလင်းလတွင် မြတ်စွာဘုရားရှင်သည် တိကနိပါတ်၊ ဂရုဓမ္မဇာတ်ကို ဟောကြားတော်မူခဲ့ပါသည်။

ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဘုရားအလောင်းတော် ဓနဉ္စယကောရဗျမင်းကြီး၊ မယ်တော်ကြီး၊ မိဖုရားကြီး၊ ညီတော်အိမ်ရှေ့မင်းသား၊ ပရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းခြင်အမတ်၊ တံခါးစောင့်တပ်မှူးနှင့် ပြည့်တန်ဆာမတို့သည် ဂရုဓမ္မငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ စောင့်ထိန်းခဲ့ကြသည်။ ဘုရင်မင်းကြီးကလည်း မင်းကျင့်တရားဆယ်ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သည့်အပြင် အလှူဒါနများကိုလည်း နေ့စဉ်ပြုကျင့်လှူဒါန်းနေခဲ့သည်။ ထို့ကြောင့် ဣန္ဒပတ္ထနဂိုရ်ပြည်ကြီးတွင် ဒုစရိုက်မှုများကင်းစင်ပြီး ဆန်ရေစပါးပေါများကြွယ်ဝနေခဲ့သည်။ သဘာဝဘေးအန္တရာယ်များလည်း ကင်းဝေးပြီး အေးချမ်းသာယာနေခဲ့ကြသည်။

သို့သော် အိမ်နီးချင်း ကလိင်္ဂမင်းအုပ်စိုးရာ ဒန္တပူရတိုင်းပြည်မှာကား ငါးပါးသီလပျက်စီးပြီး တရားမဲ့နေကြသောကြောင့် ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ရေရှားဖြစ်ပွားကာ စပါးသီးနှံများ မဖြစ်ထွန်းတော့ဘဲ တိုင်းသူပြည်သားများ ဆင်းရဲငတ်မွတ်ခေါင်းပါးမှုကို ခံနေခဲ့ကြရသည်။ ဆင်းရဲငတ်မွတ်မှုများ၏ နောက်ဆက်တွဲပြဿနာများဖြစ်ကြသော ခိုးဝှက်လုယက်သတ်ဖြတ်မှုများနှင့် ဒုစရိုက်မှုများစွာလည်း ထူပြောလာခဲ့သည်။ ကပ်ဘေးမျိုးစုံကို ကြုံတွေ့ခံစားလာခဲ့ကြရသည်။

ထို့ကြောင့် တိုင်းသူပြည်သားများက နန်းတော်ရင်ပြင်သို့ စုပေါင်းရောက်ရှိလာခဲ့ကြပြီး "အရှင်မင်းမြတ် တရားမစောင့်လို့ မိုးခေါင်ရေရှားပြီး တိုင်းသူပြည်သားများ ဆင်းရဲဒုက္ခရောက်နေကြကြောင်း" စွပ်စွဲပြောဆိုဟစ်ကြွေးဆန္ဒပြခဲ့ကြသည်။

❖ တော်သလင်းလမြစ်ရေပြင်ထဲတွင် "သစ်ဆင်းပွဲ"၊ "လှေပြိုင်ပွဲ"များကို ကျင်းပခဲ့ကြသည်။ "သစ်ဆင်းပွဲ"၊ "သစ်ဆင်းလ"ဟု ခေါ်ဆိုခဲ့ခြင်းမှာ ထိုလတွင် ရေစီးရေလာကောင်းမွန်သောကြောင့် အထက်အညာတစ်ခွင်မှ သစ်ဖောင်၊ ဝါးဖောင်များကို အောက်အရပ်သို့ စုန်ဆင်းမျှောချကြခြင်း၊ မိုးတွင်းကာလမှ ရိုးမတောင်တန်းများပေါ်၌ ခိုအောင်းနေကြသောသတ္တဝါများသည် ထိုလတွင် မြေပြန့်လွင်ပြင်ဆီသို့ ပြောင်းရွှေ့ဆင်းသက်လာကြခြင်း၊ မြစ်ကမ်းဘေးတွင် စိုက်ထူထားသော သစ်တိုင်အမြင့်များပေါ်မှ မြစ်ရေပြင်ပေါ်သို့ အားကစားသဘောမျိုး ခုန်ဆင်းကြခြင်းများကြောင့် သတ်မှတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ❖

သည်တော့မှ ကလိင်္ဂမင်းက "ရှေးအဆက်ဆက်မင်းများသည် မိုးရွာအောင် မည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြသလဲ"ဟု မေးမြန်းခဲ့ရာ "မင်းကြီး၊ ရှေးမင်းတို့သည် အလှူကြီးပေးပြီး သီလဆောက်တည် အဓိဋ္ဌာန်ပြုကာ ကျက်သရေတိုက်ခန်းထဲမှာ မြေစာမြက်ကိုခင်းပြီး အိပ်စက်ကြတာကြောင့် မိုးရွာပါတယ်"ဟု အမတ်၊ ပုဏ္ဏားများက ပြန်လည်ဖြေကြားခဲ့ကြသည်။ ဘုရင်က အမတ်၊ ပုဏ္ဏားများဖြေကြားသည့်အတိုင်း ပြုကျင့်ဆောင်ရွက်ခဲ့သော်လည်း မိုးကမရွာဘဲ မိုးခေါင်နေဆဲဖြစ်နေခဲ့သည်။

အမတ်များက "မင်းကြီး ဣန္ဒပတ္ထနဂိုရ်ပြည်မှာရှိတဲ့ နဉ္စယကောရဗျမင်းကြီးရဲ့ မင်္ဂလာဆင်ဖြူတော်ကို ဆောင်ယူနိုင်ရင် မိုးရွာပါမယ်"ဟု လျှောက်ထားကြသောကြောင့် ဓနဉ္စယကောရဗျမင်းကြီးထံ လက်ဆောင်ပဏ္ဏာများနှင့်အတူ ပုဏ္ဏားရှစ်ယောက်ကို မင်္ဂလာဆင်ဖြူတော်အလှူခံစေလွှတ်ခဲ့သည်။ ဘုရားလောင်း ဓနဉ္စယကောရဗျမင်းကြီးကလည်း နှမြောတွန့်တိုခြင်းအလျှင်းမရှိဘဲ မင်္ဂလာဆင်ဖြူတော်ကို လှူဒါန်းခဲ့သည်။ သို့သော် ဒန္တပူရတိုင်းပြည်သို့ မင်္ဂလာဆင်ဖြူတော်ရောက်ရှိလာခဲ့သော်လည်း မိုးကမရွာဘဲ ခေါင်နေဆဲပင်။

ကြံရာမရသည့်နောက်ဆုံးတွင် ဂရုဓမ္မငါးပါးသီလ လေ့လာရေးအဖွဲ့ကို ဣန္ဒပတ္ထနဂိုရ်ပြည်သို့ စေလွှတ်ခဲ့ပြီး ဘုရားလောင်းမင်းကြီးအပါအဝင် ဆယ်ဦးသောပုဂ္ဂိုလ်များထံမှ ငါးပါးသီလကို ရွှေပေထက်မှာ ကူးယူမှတ်သား၊ ဆောင်ယူလာစေခဲ့သည်။ ကလိင်္ဂမင်းကြီးကိုယ်တိုင် စံပြအဖြစ် ငါးပါးသီလကို ခံယူဆောက်တည်ခဲ့သည့်အပြင် တိုင်းသူပြည်သားများကိုလည်း **"ဂရုဓမ္မမြတ်သီလ"**အဖြစ် စောင့်ထိန်းစေခဲ့ရာ ဒန္တပူရတိုင်းပြည်တွင် မိုးလေမှန်ကန်ပြီး စပါးသီးနှံများ အောင်မြင်ဖြစ်ထွန်းလာခဲ့ကာ တိုင်းပြည်သည်လည်း စည်ပင်ဝပြောအေးချမ်းသာယာလာခဲ့သည်။

ဤသည်ကိုအကြောင်းပြုပြီး မြတ်စွာဘုရားက တော်သလင်းလတွင် ငါးပါးသီလကို အထူးဂရုဓမ္မဖြစ်ဖွယ် ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဟောကြားတော်မူခြင်းကို ထာဝစဉ်ပူဇော်လိုက်နာကျင့်ကြံကြစေရေးအတွက် တော်သလင်းလကို **"ဂရုဓမ္မအစါတော်လ"**၊ တော်သလင်းလပြည့်နေ့ကို **"ဂရုဓမ္မအစါတော်နေ့"**ဟု သတ်မှတ်ဖော်ကျူးပူဇော်နေကြခြင်းဖြစ်သည်။

အဆိုပါ နိပါတ်တော်လာဖြစ်ရပ်ကို ဓမ္မပါလစာပေမှူး၊ ဆရာကြီး ပထမကျော်ဦးခင်မောင်ကြီးက သူ၏ဓမ္မလက်ကမ်းစာလွှာ (၆၉) ၌ "ဟိုးရှေးကာလ၊ မြတ်ဗုဒ္ဓ၊ ထုတ်ဟဉ်ဇာတ်တော်။ ရှုပ်ကြပွေကြ၊ ကလိင်္ဂ၊ ငတ်ကြပြတ်ကြသော်၊ ကုရုတိုင်းက သာယာလှ၊ မေးကြကျင့်ဝတ်တော်၊ ပဉ္စသီဖူး၊ အကျင့်ထူး၊ ကြည်နူးကြရသော်၊ မြတ်သောအပြု၊ အလေးတု၊ ဂရုဓမ္မခေါ်၊ သာယာဝပြော၊ ကျင့်သူပေါ၊ သဘောပြည့်ဝလျော်"ဟု ဖွဲ့သီပူဇော်ခဲ့ပါသည်။

**ဂရုဓမ္မသီလ** သည် သူတော်ကောင်းတို့က ဂရုထား၍ကျင့်သုံးအပ်သောတရားဖြစ်သည်။ ကမ္ဘာဦးအစကစတင်ပေါ်ပေါက်သောတရားဖြစ်၍ **ပဝေဏီဓမ္မ** ဟုလည်းခေါ်ဆိုနိုင်၏ဟု မှတ်တမ်းပြုထားကြသည်။

တိကနိပါတ်၊ ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးရှင်ဘုရင်မှ အနိမ့်ဆုံးပြည့်တန်ဆာမထိ ငါးပါးသီလကို စောင့်ထိန်းကြသောကြောင့် ကပ်ကြီးသုံးပါးမှ လွတ်ကင်းခဲ့သည်။ ဣတိဝုတ်အဋ္ဌကထာနှင့် ခုဒ္ဒကပါဌ်အဋ္ဌကထာတို့တွင် မှတ်သားဖွယ်ရာများကို အကျယ်တဝင့်ဖော်ပြထားသည်။ မဟာသုဒဿနမင်းကြီးသည် လေးကျွန်းစကြဝဠာလှည့်လည်၍ ငါးပါးသီလတရားကို ဓမ္မသတ်သဖွယ် ဟောဆိုညွှန်ပြဆုံးမလေ့ရှိခဲ့သည်။ ဒသကနိပါတ် ဓမ္မပါလဇာတ်တွင် ငါးပါးသီလမြဲ၍ ဓမ္မပါလတစ်မျိုးလုံး အသက်အရွယ်ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိကြဘဲ သက်တမ်းစေ့နေခဲ့ကြရသည်ဟု အဆိုရှိသည်။

ဧကနိပါတ် ကုလာဝကဇာတ်တွင် အိုးလုပ်သမလေးသုဇာတသည် ငါးပါးသီလမြဲ၍ ရွှေအတိပြီးသောသစ်သီးများရခဲ့သည်။ အသူရာမင်းကြီး၏ သမီးပျိုဘဝ၌သူမတူအောင်ချောမောလှပခဲ့သည်။ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့သည် ငါးပါးသီလမြဲ၍ စားဝတ်နေရေးမပူပင်ရခြင်း၊ သေသူအတွက်သောကမရောက်ရခြင်း၊ သေပြီးနောက် နတ်ပြည်သို့ရောက်ရခြင်း၊ အနှစ်တစ်ထောင်သက်တမ်းစေ့နေရခြင်း စသောအကျိုးများကို ခံစားကြရသည်။

**"သူ့အသက်လည်းမသတ်ဘဲ အမြဲရှောင်ကြဉ်ပါ။**
**သူ့ဥစ္စာလည်းမခိုးဘဲ အမြဲရှောင်ကြဉ်ပါ။**
**ကာမဂုဏ်လည်းမမှားဘဲ အမြဲရှောင်ကြဉ်ပါ။**
**လိမ်ညာ၍လည်းမပြောဘဲ အမြဲရှောင်ကြဉ်ပါ။**
**သေအရက်လည်းမသောက်ဘဲ အမြဲရှောင်ကြဉ်ပါ"**

ဟူ၍ **သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ၊ ငါးထွေအမျိုးအစား ငါးပါးသီလ**ကို လူငယ်များမှတ်ရလွယ်ကူစေရန် **ဆရာတော်မာဃဓိသာရသည်**က ရေးဖွဲ့ထားသည်။ ငါးပါးသီလနှင့်ပတ်သက်၍ ပဉ္စသီလငါးပါး၊ ရှေးဟောင်းကမ္ဘာဦးကတည်းက စတင်ပေါ်ပေါက်ခဲ့သော လူသားစည်းကမ်းကြီး(ပဝေဏီဓမ္မ)၊ စကြဝတေးမင်းများ ဓမ္မသတ်သဖွယ်ကျင့်သုံးခဲ့ပြီး လေးကျွန်းဒီပါလုံးကို အုပ်ချုပ်ခဲ့ခြင်း(စက္ကဝတ္တိဓမ္မသတ်)၊ ကုရုတိုင်းနေပြည်သူတို့ကျင့်သုံးခဲ့ရာဖြစ်ခြင်း(ကုရုဓမ္မသီ)၊ မြတ်စွာဘုရားကိုယ်တိုင်လည်း ဟောကြားလမ်းညွှန်ခြင်း(ဝါရိတ္တသီလ)၊ သူတော်ကောင်းတို့အလေးဂရုထား၍ ကျင့်သုံးခြင်း(ဂရုဓမ္မသီလ)၊ လူသားတို့အမြဲအစွဲနိစ္စ စောင့်ထိန်းအပ်ခြင်း(နိစ္စသီလ)၊ လူသားတိုင်းလိုက်နာအပ်ရာခြင်း(ဓမ္မတာသီလ)၊ လူသားနှင့် တိရစ္ဆာန်လောကနှစ်ခုကိုခွဲခြားထိန်းသိမ်းပေးခြင်း(လောကပါလတရား)၊ ကျင့်သုံးအပ်ခြင်း၊ သင့်ခြင်း၊ ထိုက်ခြင်း(သိက္ခာပဒသီလ)၊ လူတို့၏ ကိုယ်ကျင့်တရားဖြစ်ခြင်း(ဂဟဋ္ဌသီလ)၊ အရိယာပုဂ္ဂိုလ်တို့နှစ်သက်မြတ်နိုးခြင်း(အရိယာကန္တသီလ)ဟူ၍ ဝိသေသအထူးထူးအထွေထွေများနှင့် ညွှန်းဆိုပူဇော် လိုက်နာကျင့်သုံးခဲ့ကြသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပြောင်းသီးနှံကို တရုတ်နိုင်ငံသို့ ယခုလမှစ၍ တင်ပို့ရောင်းချနေပြီး ပိုမိုတင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နေ

**ရန်ကုန် စက်တင်ဘာ ၂၈**

ပြောင်းသီးနှံကို တရုတ်နိုင်ငံသို့ ယခုလမှစ၍ တင်ပို့ရောင်းချနေပြီး ပိုမိုတင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်း၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြောင်းသီးနှံ တင်ပို့ရောင်းချရာတွင် ထိုင်းနိုင်ငံဈေးကွက်သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ တင်ပို့ရာတွင်လည်း အကောက်ခွန်ကင်းလွတ်ခွင့်ကာလအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ သတ်မှတ်ထားသဖြင့် ယခုလမှစ၍ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုသိသာစွာ လျော့ကျနေပြီဖြစ်သဖြင့် တရုတ်နိုင်ငံသို့တင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများအရ ယခုလတွင် တရုတ်နိုင်ငံသို့ ပြောင်းသီးနှံများကို စတင်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ စက်တင်ဘာ ၁၉ ရက်နှင့်စက်တင်ဘာ ၂၀ ရက်တွင် တရုတ်နိုင်ငံသို့ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၁၀ နှင့် စက်တင်ဘာ ၂၀ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၁ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၉၄၀ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။


ထို့အတူ တရုတ်နိုင်ငံသို့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကလည်း စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၉ ရက်ထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၄ သန်းတန်ဖိုးရှိ ပြောင်း ၂၂၉၄ တန် တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် ရွှေဘို၊ စစ်ကိုင်းနှင့် မန္တလေးဒေသထွက် ပို့ကုန်ပစ္စည်းများကို မန္တလေး-လက်ပံလှ-ဗန်းမော်-မိုးမောက် (ကျောက်စခန်း)-စိန်လုံ-လွယ်ဂျယ် လမ်းကြောင်းနှင့် ဗန်းမော်ဒေသထွက် ပို့ကုန်ပစ္စည်းများကို ဗန်းမော်-မိုးမောက် (ကျောက်စခန်း)-စိန်လုံ-လွယ်ဂျယ် လမ်းကြောင်းအတိုင်း တင်ပို့နေကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ယခုနှစ်တွင် ပြောင်းတန်ချိန်လေးသိန်း တင်ပို့နိုင်ရန်ခန့်မှန်းထားပြီး ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံသို့လည်း တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် ပြောင်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၃၃၆)



➤ စာမျက်နှာ ၄ မှအဆက်

ထို့ကြောင့် မြတ်ဗုဒ္ဓက **ပုလဲ၊ ဥဿဖရား၊ ပတ္တမြား၊ ရွှေ၊ ငွေ၊ အထွေထွေသောအဆင်တန်ဆာတို့သည် ပျိုမျစ်နုငယ်၊ ငယ်ရွယ်ခဲ့အခါ၌သာလျှင် တင့်တယ်ခြင်းကိုဖြစ်စေနိုင်၏။ ပဉ္စသီလအဆင်တန်ဆာသည်ကား အငယ်အလတ်အရွယ်တွင်လည်း ရှုမငြီး၊ အရွယ်ကြီးသူနှင့်လည်း လိုက်ဖက်၊ တစ်သက်လုံးပန်ဆင်၍ တင့်တယ်ပြီး ရှုမငြီးကာ လိုက်ဖက်၍မဆုံးဘဲ ရှိပါပေ၏။**

**စန္ဒကူး၊ တောင်စလပ်၊ ကြာညိုနှင့် မြတ်လေးဟူသော ပန်းမြတ်တို့၏ ရနံ့သည် မွှေးကြိုင်ကြပါကုန်၏။ ထိုပန်းရနံ့အားလုံးတို့ထက် ဤပဉ္စသီအစ သီလဟူသည်၏ သင်းရနံ့သည်ကား အတုမရှိမွှေးကြိုင်၍မဆုံး မွှန်မြတ်လှပါပေ၏။**

**သတ္တဝါတို့၏ ကိလေသာအညစ်အကြေးကို စင်ကြယ်အောင် ဂင်္ဂါ၊ ယမုန်နာစသော မြစ်ကြီးငါးစင်းမှရေတို့က ဆေးမပေးနိုင်။ ဤသီလရေစင်ကသာ ဆေးကြောပေးနိုင်စွမ်း၏။ ထိုကိလေသာမီးအပူကို အေးငြိမ်းသွားအောင် မိုးသက်လေညင်း၊ စန္ဒကူး၊ ရွှေ၊ ပုလဲသွယ်၊ မြ၊ ပတ္တမြားနှင့် စန္ဒာလရောင်တို့ မတတ်စွမ်းနိုင်။ ဤသီလအအေးဓာတ်ကသာ တတ်စွမ်းနိုင်လေ၏။ ဤသီလနှင့်တူသော အမွှေးနံ့သာမည်သည်မရှိ။ လေအောက်လေထက် နစ်ဌာနလုံး၌အတူပင် မွှေးကြိုင်ပါစေသတည်း** ဟု အကြိမ်ကြိမ် ဟောကြားတော်မူခဲ့သည်။

သီလ၏ကျေးဇူးအဖုံဖုံကို ဖော်ပြရလျှင် ကုန်ဆုံးတော့မည်မထင်ပါ။ အနိမ့်ဆုံးအဆင့် သီလတစ်ပါး၏ဂုဏ်ကျေးဇူးကို ဆရာကြီး ဦးသုခက **တစ်ပါးသီလ**ဟူ၍ပင် ရေးသားရိုက်ကူးထုတ်လွှင့်တင်ပြခဲ့သည်။ ယခုကပ်ဘေးကြုံတွေ့နေကြချိန်တွင် **သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ၊ ငါးထွေအမျိုးအစား၊ ငါးပါးသီလ**ကို စောင့်ထိန်းလိုက်နာကြခြင်းဖြင့် မြတ်ဗုဒ္ဓ၏ဒေသနာတော် **ဂရုဓမ္မအစါတော်လ**နှင့် **ဂရုဓမ္မအစါတော်နေ့**ကို ကြည်ညိုပူဇော်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**ကိုးကား**

- **ဆရာလုသမိန်တည်းဖြတ်၊ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်။**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့် ဓပ်လျှဉ်း၍။**
- **ဝိသုဒ္ဓက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဖွဲ့။**

## လတော်သလင်းခါ

- ခါတော်သလင်း ချိန်တွင်းအခါမှာလေ
  မိုးကသည်းသည်း ရွာမြဲရွာကာစွေ
  ကန်သင်းဖြိုပေ စီးထွေထွေပြင်း
  စားဖိုသည်လည်း စိတ်ဆင်းရဲ
  မိုးမည်းသည်းရွာ ဆင်းသည်နှင့်လေး။

- ခါတော်သလင်း နေမင်းကထိန်လင်းစွာ
  ပူရှိန်ကကဲ ပူသည်းလွန်းပေတာ
  သည်လသည်ခါ ပူဖြာလို့လင်း
  ပုစွန်လည်းကြွေ ပူလည်းဝေ
  သည်နေဖြာကာ ဝင်းသည်နှင့်လေး။

- ခါတော်သလင်း ချင်းနင်းတဲ့အခါတွင်
  လှေသဘင်ပွဲ ဆင်နွှဲပျော်ကာရွှင်
  သည်လခါတွင် ဖွဲ့မင်လို့ရင်း
  ချွေးသံစို၍ အားမာန်ခဲ
  စိတ်သည်းခိုင်မာ တင်းသည်နှင့်လေး။

- ခါတော်သလင်း အဆင်းလည်းလှပေရှင်
  ရွှေရင်းမာပွင့် ခိုင်ဆင့်တင့်လို့ပင်
  ဖြူပြာပြာလွင် မြင်ရာကဝင်း
  ရနံ့ဖြာပုံ မွှေးပျံ့ထုံ
  လေဟုန်ထဲမှာ သင်းသည်နှင့်လေး။

- ခါတော်သလင်း မြတ်ခြင်းတို့ရှိကာနေ
  ဂရုဓမ္မ သီလတို့ခါပေ
  စောင့်ထိန်းမသွေ မြတ်မွေရင်တွင်း
  ဗုဒ္ဓမြတ်စွာ ဟောခဲ့တာ
  ဦးမှာပန်လို့ လင်းသည်နှင့်လေး။

- ခါတော်သလင်း ချစ်ခြင်းတို့ရင်ထဲဖြာ
  သည်လကလေး နွေးထွေးပွေ့စရာ
  ချစ်ခြင်းကသာ မေတ္တာဖြာဆင်း
  မမေ့ရက်ပါ သည်လခါ
  ရင်မှာကြည်သာ ထင်းသည်နှင့်လေး။

- ခမျာဖော်တစ်သင်း ယီးလေးလေးသီချင်း
  စိတ်ရင်းသည်းမှာ ထင်းတော့သည်။

- ခါတော်သလင်း ရင်မှာချဉ်း
  စိတ်တွင်းသည်းမှာ လင်းတော့သည်။ ။

**ပြေအေးသက်**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# ပြည်တွင်းလောင်စာဆီဈေးနှုန်းတည်ငြိမ်ရေး ကြိုးစားရန် သမ္မတပူတင် အစိုးရအဖွဲ့ကိုညွှန်ကြား

**မော်စကို စက်တင်ဘာ ၂၈**

ပြည်တွင်းလောင်စာဆီလက်လီဈေးနှုန်း တည်ငြိမ်ရေးအတွက် ကြိုးစားရန် ရုရှားသမ္မတပူတင်က စက်တင်ဘာ ၂၇ ရက်တွင် အစိုးရအဖွဲ့ကို ညွှန်ကြားထားကြောင်း သိရသည်။

ထို့ပြင် ဓာတ်ဆီနှင့် ဒီဇယ် ပြည်ပတင်ပို့မှုကိုပိတ်ပင်ခဲ့ပြီးနောက် ပြည်တွင်းဈေးကွက်ကို ဟန်ချက်ထိန်းနိုင်ရေးအတွက် လိုအပ်သည့် အစီအမံများ အကောင်အထည်ဖော်ရန် သမ္မတပူတင်က တိုက်တွန်းခဲ့သည်။

ရုရှားအစိုးရသည် ပြည်တွင်းလောင်စာဆီဈေးနှုန်းမြင့်တက်လာမှုကိုထိန်းချုပ်ရေးအတွက် အခြားနိုင်ငံများသို့ ဒီဇယ်နှင့်ဓာတ်ဆီတင်ပို့မှုကို စက်တင်ဘာ ၂၇ ရက်တွင် ယာယီအားဖြင့် စတင်ပိတ်ပင်ခဲ့သည်။

ပြည်တွင်းဈေးကွက် တည်ငြိမ်လာသည်ထိ ပြည်ပသို့ဓာတ်ဆီနှင့် ဒီဇယ်တင်ပို့မှုကို ပိတ်ပင်ထားမည်ဖြစ်ကြောင်း ရုရှားအစိုးရက ကြေညာထားသည်။

ရုရှားအစိုးရ၏ ဓာတ်ဆီနှင့် ဒီဇယ်ပြည်ပတင်ပို့မှု ပိတ်ပင်ချက်သည် ရုရှားပြည်တွင်း၌လောင်စာဆီလိုအပ်ချက် မြင့်တက်လာတတ်သည့် ကောက်ရိတ်သိမ်းရာသီကာလ ရက်သတ္တပတ် အနည်းငယ်ကြာထိ ဆက်လက် တည်မြဲနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

လိုအပ်သည့်လုပ်ငန်းအစီအမံများ ဆောင်ရွက်ထားသော်လည်း ပြည်တွင်း လောင်စာဆီဈေးမှာ ဆက်လက် မြင့်တက်နေဆဲဖြစ်ရာ ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန်လိုသည်ဟု သမ္မတပူတင်က စက်တင်ဘာ ၂၇ ရက် အစိုးရအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Inter Fax
Trs : KKO



# ဂါဇာနယ်စပ်ဝင်ပေါက်များ အစ္စရေးပြန်ဖွင့်ပေးမှုကြောင့် ပါလက်စတိုင်းအလုပ်သမားများ အလုပ်ပြန်ဝင်နိုင်

**ဂျေရုဆလင် စက်တင်ဘာ ၂၈**

အစ္စရေးနိုင်ငံသည် အစ္စရေးနှင့် ဂါဇာကမ်းမြောင်ကြား နယ်စပ်ဝင်ပေါက်များကို ယနေ့တွင်ပြန်ဖွင့်ပေးခဲ့ရာ ရာပေါင်းများစွာသော ပါလက်စတိုင်း အလုပ်သမားများ အစ္စရေးနှင့် အနောက်ဘက်ကမ်းဒေသတို့ရှိ အလုပ်ခွင်များသို့အလုပ်ပြန်ဝင်နိုင်ခဲ့ကြောင်း သိရသည်။

နယ်စပ်တစ်လျှောက်၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဆန္ဒပြပွဲများကြောင့် နယ်စပ်ဝင်ပေါက်များကို ပိတ်ထားခဲ့ပြီး ရက်သတ္တနှစ်ပတ်နီးပါးအကြာတွင် အစ္စရေးတာဝန်ရှိသူများက နယ်စပ်ဝင်ပေါက်များပြန်ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

အစ္စရေးအာဏာပိုင်များသည် ပါလက်စတိုင်းအလုပ်သမား ဦးရေ ၁၈၀၀၀ ခန့်ကို ဂါဇာကမ်းမြောင်မှ ပြင်ပသို့ ထွက်ခွာအလုပ်လုပ်ခွင့်ပေးထားသည်။

အဆိုပါပါလက်စတိုင်းအလုပ်သမားများ၏လုပ်အားသည် ဂါဇာကမ်းမြောင်ဒေသစီးပွားရေးအတွက် နေ့စဉ်အမေရိကန်ဒေါ်လာနှစ်သန်းထိ ဖြည့်ဆည်းပေးနိုင်သည်။

ဂါဇာကမ်းမြောင်နှင့် အစ္စရေးတို့ကြား တင်းမာမှုများကို လျှော့ချရေးအတွက်နိုင်ငံတကာက ကြားဝင်ကြိုးစားနေချိန်တွင် အစ္စရေးအာဏာပိုင်များက ဂါဇာ-အစ္စရေး နယ်စပ်ဝင်ပေါက်များကို ပြန်ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

ကြားဝင်ညှိနှိုင်းနေသော နိုင်ငံများ၏မေတ္တာရပ်ခံချက်အရ ဂါဇာ-အစ္စရေးနယ်စပ်ဝင်ပေါက်များကို အစ္စရေးနိုင်ငံက ပြန်ဖွင့်ပေးခဲ့ခြင်းဖြစ်သည်ဟု ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : AP
Trs : KKO

# တရုတ်နိုင်ငံ၏ ပထမဆုံးပင်လယ်ဖြတ် ကျည်ဆန်ရထားလမ်း၌ ရထားပြေးဆွဲမှုစတင်



**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံသည် ၎င်း၏ပထမဆုံးသော ပင်လယ်ဖြတ်ကျည်ဆန်ရထားလမ်းကို ယနေ့တွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ဖူကျိုး - ရှားမင်း - ကျန်ကျိုးလမ်းပိုင်းအမည်ရှိ ကျည်ဆန်ရထားလမ်းကြောင်းသည် တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ်ကမ်းရိုးတန်းတစ်လျှောက်ရှိပင်လယ်အော်များ၊ ရေတိမ်ကမ်းစပ်များအား ဖြတ်ကျော်တည်ဆောက်ထားသည့် ကျည်ဆန်ရထားလမ်းဖြစ်သည်။

တရုတ်ပြည်တွင်းမီဒီယာများ၏ အဆိုအရ ယနေ့တွင် ဖူကျိုးမြို့မှ စတင်ထွက်ခွာလာသည့် ကျည်ဆန်ရထားတစ်စင်းသည် ဖူကျိုး-ရှားမင်း-ကျန်ကျိုးရထားလမ်းကြောင်းပေါ်၌ စတင်မောင်းနှင် ပြေးဆွဲခဲ့ကြောင်း သိရသည်။

အရှည် ၁၇၂ မိုင်ရှိသော ဖူကျိုး-ရှားမင်း-ကျန်ကျိုးကျည်ဆန်ရထားလမ်းပေါ်တွင် ကျည်ဆန်ရထားများအနေဖြင့် တစ်နာရီအမြင့်ဆုံးမြန်နှုန်း ၂၁၈မိုင်နှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပင်လယ်ဖြတ်ကျည်ဆန်ရထားလမ်းကြောင်း ဖူကျိုးမြို့နှင့် ရှားမင်းမြို့တို့ကြား ခရီးကြာချိန်မှာ တစ်နာရီခန့်တွင်သာ ရှိတော့မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ရထားများ ပြေးဆွဲမောင်းနှင်နေသည့်မြန်နှုန်းမြင့် ကျည်ဆန်ရထားလမ်းအရှည်မှာကီလိုမီတာ ၄၂၀၀၀ ထိရှိကြောင်း သိရသည်။

Ref : China Daily
Trs : KKO

# အယ်လ်ဆာဗေဒိုး၏ ရာဇဝတ်ဂိုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်တွင် လွတ်မြောက်နေသူ ၄၃၀၀၀ နီးပါးရှိ

**ဆန်ဆာဗေဒိုး စက်တင်ဘာ ၂၈**

အယ်လ်ဆာဗေဒိုးနိုင်ငံ၏တစ်နှစ်နှင့်ခြောက်လကြာ ရာဇဝတ်ဂိုဏ်းနှိမ်နင်းမှုစစ်ဆင်ရေးအတွင်း ရာဇဝတ်ဂိုဏ်းများနှင့် ပတ်သက်နေသူ ၄၃၀၀၀နီးပါး လွတ်မြောက်နေဆဲဖြစ်နိုင်ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ရာဇဝတ်ဂိုဏ်းနှိမ်နင်းမှုစစ်ဆင်ရေးကာလအတွင်း ရာဇဝတ်ဂိုဏ်းများနှင့် ပတ်သက်နေသော်လည်း မဖမ်းဆီးနိုင်သေးသူ ၄၂၈၂၆ ဦးထိရှိနေနိုင်ကြောင်း မီဒီယာများသို့ ပေါက်ကြားခဲ့သည့် အယ်လ်ဆာဗေဒိုးရဲတပ်ဖွဲ့ လျှို့ဝှက်မှတ်တမ်းများ၌ ဖော်ပြထားသည်။

လွတ်မြောက်နေသူ ဦးရေ၄၃၀၀၀နီးပါးအနက် ၂၀၀၀၀ကျော်တို့ကို လက်ရှိလှုပ်ရှားဆဲ ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် အယ်လ်ဆာဗေဒိုးရဲတပ်ဖွဲ့က သတ်မှတ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်မတ်လတွင် သမ္မတနာယစ်ဘူကီလီ၏ ရာဇဝတ်ဂိုဏ်းသားများ နှိမ်နင်းရေးအစီအစဉ်အတွက် အယ်လ်ဆာဗေဒိုး လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြည်သူ့အခွင့်အရေးများကို ရုပ်သိမ်းသည်ဟုကြေညာခဲ့ကြောင်း သိရသည်။

ယင်းနောက်ပိုင်းမှစ၍ လက်ရှိအချိန်ထိ အယ်လ်ဆာဗေဒိုး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် ယူဆရသူ လူပေါင်း ဦးရေ ၇၀၀၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

ရာဇဝတ်ဂိုဏ်း နှိမ်နင်းရေးလုပ်ငန်းစဉ်အတွင်း ဖမ်းဆီးခဲ့သည့်အရေအတွက်ကြောင့် အယ်လ်ဆာဗေဒိုးနိုင်ငံမှာ ကမ္ဘာပေါ်၌ နိုင်ငံသားများအကျဉ်းကျခံရမှုနှုန်းအမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ရကြောင်း သိရသည်။

Ref : AP
Trs : KKO

# နျူကလီးယားလက်နက်များဆိုင်ရာ မူဝါဒဖွဲ့စည်းပုံပြင်ဆင်ချက် မြောက်ကိုရီးယားပြည်သူ့လွှတ်တော် အတည်ပြု

**ပြုံယမ်း စက်တင်ဘာ ၂၈**

နျူကလီးယားလက်နက်ဆိုင်ရာမူဝါဒကို ထည့်သွင်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ်အား မြောက်ကိုရီးယားပြည်သူ့လွှတ်တော်က စက်တင်ဘာ ၂၇ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။



မြောက်ကိုရီးယား အမျိုးသားလွှတ်တော်သည် အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကို နှစ်ရက်ကြာ ဆွေးနွေးခဲ့ပြီးနောက် စက်တင်ဘာ ၂၇ ရက်တွင် တစ်ခဲနက်အတည်ပြုခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအဖြစ်ရပ်တည်ခွင့်ကို ထိန်းထားနိုင်ရေး၊ စစ်ပွဲကို တားဆီးနိုင်ရေးအတွက် နျူကလီးယားလက်နက် အများအပြားတည်ဆောက်ရန် အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်၌ ပြဋ္ဌာန်းထားသည်။

မြောက်ကိုရီးယား၏ နျူကလီးယားတပ်များ တည်ဆောက်ရေးဆိုင်ရာမူဝါဒသည် နိုင်ငံတော်၏ အခြေခံဥပဒေတစ်ရပ်အဖြစ် အမြဲရပ်တည်နေမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အစည်းအဝေး၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်နှစ်ကလည်း ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးအတွက် နျူကလီးယားလက်နက်လက်ဦးမှုယူ သုံးစွဲခွင့်ကို အခြေခံဥပဒေထဲသို့ ထည့်သွင်းခဲ့ပြီးဖြစ်သည်။

နျူကလီးယားတပ်များ တည်ဆောက်ရေးမူဝါဒကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းထားမှုသည် မြောက်ကိုရီးယားအနေဖြင့် အမြဲတမ်း နျူကလီးယားတပ်ဖွဲ့ထားရှိရန် ရည်ရွယ်ထားသည်ကို ပြသနေသည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : CNA
Trs : KKO

# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

ML

**အေဗီလာ Vs ဘရိုက်တန်**

**ကစားမည့်ရက်/အချိန် ၃၀-၉-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၂ - ၁ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေဗီလာ** | – | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |
| **ဘရိုက်တန်** | – | **အိမ်(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |

အေဗီလာဟာ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းနှစ်ပွဲမှာ ခြောက်ဂိုးထိ သွင်းယူပြီး အသင်းလိုက်ကစားအားကောင်းနေတဲ့အသင်းပါ။ ဘရိုက်တန်ကလဲ အဝေးကွင်းကစားအားကောင်းနေတဲ့ အသင်းဆိုပေမဲ့ ၂၀၂၀ နောက်ပိုင်း အေဗီလာနဲ့တွေ့ဆုံမှုမှာ နိုင်ပွဲမရခဲ့ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်ရှိတဲ့ အေဗီလာကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အေဗီလာ ၂ – ၁ ဘရိုက်တန်**

**မန်ယူ Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၃၀-၉-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၃ – ၀ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်ယူ** | – | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ပဲလေ့စ်** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(ရှုံး)** |

မန်ယူအသင်းဟာ ဖလားပွဲစဉ်မှာ ပဲလေ့စ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ ပဲလေ့စ်အသင်းကတော့ ခံစစ်အားပြုကစားနေပေမဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကျဆင်းနေတာကြောင့် အခုပွဲစဉ်မှာမန်ယူ တိုက်စစ်ကိုထိန်းချုပ်ဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် နောက်ထပ်နိုင်ပွဲ ထပ်ရဖို့ပြင်ဆင်လာမဲ့ မန်ယူနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – မန်ယူ ၂ – ၁ ပဲလေ့စ်**

## အီတလီစီးရီးအေ ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်

ML

**အေစီမီလန် Vs လာဇီယို**

**ကစားမည့်ရက်/အချိန် ၃၀-၉-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေစီမီလန် ၂ – ၀ လာဇီယို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေစီမီလန်** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **လာဇီယို** | – | **အိမ်(သရေ)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

အေစီမီလန်ဟာ အခုရာသီမှာ ခံစစ်ကစားပုံတည်ငြိမ်လာပြီး တိုက်စစ်ပိုင်းထက်မြက်လာတာကိုတွေ့ရမှာပါ။ လာဇီယိုကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ အသင်းကြီးတွေနဲ့ဆို ဖောင်ဖျက်ကစားလေ့ရှိပါတယ်။ ဒါပေမဲ့ အေစီမီလန်ရဲ့ ပူလီဆစ်၊ လီအို၊ ဂျီရောဒ် တို့တိုက်စစ်အတွဲကိုထိန်းချုပ်ဖို့ လာဇီယိုခံစစ်မှာခြေစွမ်းပိုင်းတည်ငြိမ်တဲ့ ကစားသမားမရှိတာကြောင့် အေစီမီလန်ပဲ နိုင်ပွဲရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၁ – ၀ လာဇီယို**

### အားကစားသတင်း အတိုအထွာများ

- ရိုးမားအသင်းနည်းပြမော်ရင်ဟိုက စပါးအသင်းခံစစ်ကစားသမားဒိုင်ယာနှင့် ဆဲလ်ဘတ်အသင်းကစားသမားဆိုလက်တို့ကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ပစ်မှတ်ထားကြိုးပမ်းနေကြောင်း သိရသည်။
- နာပိုလီအသင်းနှင့် အဆင်မပြေမှုများရှိနေသည့် တိုက်စစ်မှူး အိုစီမန်ကို ရီးရဲလ်မက်ဒရစ်၊ ချဲလ်ဆီးအသင်းတို့အပါအဝင် ဆော်ဒီအာရေဗျကလပ်အသင်းများကခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- စတုတ်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူးဆိုလန်ကီ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သောကြောင့် ကာလရှည်အနားယူရမည်ကို စိုးရိမ်မိသည်ဟု နည်းပြအီရာအိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။ **ML**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပ



**တောင်ကြီး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ အသက် ၂၅နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ အသက် ၂၅ နှစ်အောက် အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အမျိုးသမီးအသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တောင်ကြီးခရိုင်အမျိုးသမီးအသင်းက အနိုင်ရရှိခဲ့ပြီး အမျိုးသားပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အမျိုးသားအသင်းနှင့် လွိုင်လင်ခရိုင် အမျိုးသားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တောင်ကြီးခရိုင်အမျိုးသားအသင်းက အနိုင်ရရှိခဲ့ပြီး ဗိုလ်စွဲခဲ့ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း အကောင်းဆုံးဆုများနှင့် အမျိုးသားအကောင်းဆုံးဆုများ၊ အမျိုးသမီးပြိုင်ပွဲပူးတွဲတတိယဆုရ မိုးမိတ်ခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်း၊ ဒုတိယဆုရ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးအသင်းနှင့် ပထမဆုရ တောင်ကြီးခရိုင်အမျိုးသမီးအသင်းတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၏ဇနီးနှင့်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၏ဇနီးများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အမျိုးသားပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ လားရှိုးခရိုင်အသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်း၊ ဒုတိယဆုရ လွိုင်လင်ခရိုင်အသင်း၊ ပထမဆုရ တောင်ကြီးခရိုင် အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့်တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသားအမျိုးသမီး တံခွန်စိုက်ဗိုင်းဆုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**STA**

## ကွာရာဘောင်းဖလား စတုတ္ထအဆင့်တွင် အာဆင်နယ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**လန်ဒန် စက်တင်ဘာ ၂၈**

ကွာရာဘောင်းဖလား တတိယအဆင့်တွင် အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းကလိဂ်-၁ ကလပ် လင်ကွန်းအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်းအနိုင်ရခဲ့ပြီးနောက် စတုတ္ထအဆင့်တွင် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

စတုတ္ထအဆင့် မဲခွဲမှုအပြီးတွင် မန်ဖီးအသင်းနှင့် ပေါ့ဗေလီအသင်း၊ အစ်ဗ့်စ်အသင်းနှင့် ဖူလ်ဟမ်အသင်း၊ မန်ယူအသင်းနှင့် နယူးကာဆယ်အသင်း၊ ဘုန်းမောက်အသင်းနှင့် လီဗာပူးအသင်း၊ ချဲလ်ဆီးအသင်းနှင့် ဘလက်ဘန်းအသင်း၊အဲဗာတန်အသင်းနှင့် ဘန်လေအသင်း၊ အိတ်စ်တာအသင်းနှင့် မစ်ဒယ်ဘရော့အသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် အာဆင်နယ်အသင်းတို့တွေ့ဆုံခဲ့သည်။

အာဆင်နယ် အသင်းသည် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် အရန်ကစားသမားအများစုနှင့်သာ ပွဲထွက်လာခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲချိန်ပြည့် ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ရှစ်မိနစ်တွင်ရရှိခဲ့သည့် တိုက်စစ်မှူး နယ်လ်ဆင်၏ သွင်းဂိုးတစ်ဂိုးတည်းဖြင့်အနိုင်ရခဲ့ပြီး နှစ်ပေါင်း ၃၀ ကြာဝေးကွာနေသည့် ကွာရာဘောင်းဖလားကို ပြန်လည်ရယူနိုင်ရန် အခွင့်အရေးများရှိနေကာ ဖလားလေးလုံး လမ်းကြောင်းပေါ်တွင် ရပ်တည်နိုင်ခဲ့သည်။

တတိယအဆင့်တွင် ပရီးမီးယားလိဂ်အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံမှုတွင် မန်ယူအသင်းက ပဲလေ့စ်အသင်းကို သုံးဂိုးဂိုးမရှိ၊ နယူးကာဆယ်အသင်းက မန်စီးတီးအသင်းကို တစ်ဂိုးဂိုးမရှိ၊ ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းကို တစ်ဂိုးဂိုးမရှိ၊ အဲဗာတန်အသင်းက အေဗီလာအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ယူ၍ စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့သကဲ့သို့ စတုတ္ထအဆင့်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၃၀ ရက်တွင် ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။ **Ref : 90Min.com**

**Trs : ML**

## ခံစစ်ကစားသမားဘန်ချီဝဲလ် ကြွက်သားဒဏ်ရာထပ်မံရရှိခဲ့ကြောင်း နည်းပြပိုချက်တီနို ပြောကြား

**လန်ဒန် စက်တင်ဘာ ၂၈**

ကွာရာဘောင်းဖလား တတိယအဆင့်ပွဲစဉ်တွင် ချဲလ်ဆီးအသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် ခံစစ်ကစားသမား ဘန်ချီဝဲလ်သည် ပေါင်ကြွက်သားဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း နည်းပြပိုချက်တီနိုက ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဘန်ချီဝဲလ်သည် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင်ကစားခဲ့ကာ အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရရှိအောင် ကူညီနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးခါနီး အချိန်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် ထပ်မံအနားယူရမည် ဖြစ်သောကြောင့် အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဟု နည်းပြပိုချက်တီနိုက ပြောကြားခဲ့ကြောင်း သိရသည်။

ဘန်ချီဝဲလ်သည် ၂၀၂၀ ပြည့်နှစ်က လက်စတာအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့်သာရုန်းကန်ခဲ့ရကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပေါင်ကြွက်သားဒဏ်ရာ နှစ်ကြိမ်ရရှိခဲ့သောကြောင့် အသင်းအတွက် ပြိုင်ပွဲစုံပွဲ ၃၀ သာပါဝင်ကစားနိုင်ခဲ့ပြီး ယခုနှစ်တွင် အသင်းအတွက် ပြိုင်ပွဲစုံခုနစ်ပွဲထိ ပါဝင်ကစားပေးနိုင်ခဲ့သော်လည်း ဘရိုက်တန်အသင်းနှင့် ဖလားပွဲစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာထပ်မံရရှိခဲ့ခြင်းဖြစ်သည်။



နည်းပြပိုချက်တီနိုက "ဘန်ချီဝဲလ် အနေနဲ့ အခုပွဲစဉ်အပြီးမှာကြွက်သားဒဏ်ရာ ထပ်မံရရှိခဲ့ပါတယ်။ သူ့ဒဏ်ရာကို လိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်နေပေမဲ့ ကျွန်တော်ထင်တာတော့ ပေါင်ကြွက်သားဒဏ်ရာပဲဖြစ်မှာပါ။ အခုပွဲစဉ်မှာ အသင်းအနေနဲ့ အကောင်းဆုံး လုပ်နိုင်ခဲ့လို့ ဝမ်းသာမိပါတယ်။ ဒီလိုပုံစံကောင်းကို ကျွန်တော်တို့ ဆက်လက် ထိန်းသိမ်းမယ်ဆိုရင် ရာသီပြီးဆုံးချိန်မှာ ကျွန်တော်တို့ မျှော်လင့်ချက်တွေ ပြည့်ဝမှာပါ"ဟု ဘရိုက်တန်အသင်းနှင့် ပွဲစဉ်အပြီးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**

**Trs : ML**

# အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ပြိုင်ဘက်များကိုရှုံးနိမ့်ပြီး (၁၆)သင်းရှုံးထွက်အဆင့်မှထွက်ခွာခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိနေသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီး ဘောလုံးပြိုင်ပွဲတို့တွင် မြန်မာအမျိုးသား အသင်းနှင့် အမျိုးသမီးအသင်းတို့ ပြိုင်ဘက်အသင်းများကို အသီးသီးရှုံးနိမ့်ခဲ့ပြီး (၁၆)သင်းရှုံးထွက်အဆင့်မှထွက်ခွာခဲ့ရကြောင်း သိရသည်။



အမျိုးသား ဘောလုံးပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၆ နာရီက မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် အာရှထိပ်သီးဂျပန်အသင်းကို ခြေစွမ်းပိုင်းအရယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ဂျပန်အသင်းက ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၁ မိနစ်နှင့် ၂၇ မိနစ်တွင် ကင်ဆာတို၊ ပွဲချိန် ၂၆ မိနစ်နှင့် ၃၄ မိနစ်တွင် ချွန်အေယူကာဝါ၊ ပွဲချိန် ၄၁ မိနစ်တွင် ဆူမိတို့က ဂျပန်အသင်းအတွက် သွင်းဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ဂျပန်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ဂျပန်အသင်းက ခြေစွမ်းပိုင်းအသာဖြင့်ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၆ မိနစ်တွင် အူချီနို၊ ပွဲချိန် ၇၃ မိနစ်တွင် ဟီနိုတို့က ဂျပန်အသင်းအတွက် သွင်းဂိုးများဆက်လက်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဂျပန်အသင်းက မြန်မာအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးဘောလုံးပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၆ နာရီက မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ကစားခဲ့ရာ နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှု မရှိခဲ့သော်လည်း အရပ်မောင်းသာလွန်မှုရှိသည့် ဖိလစ်ပိုင်အသင်းက အမြင့်ဘောများကိုအားပြုပြီး ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၈ မိနစ်တွင် ဘော်ဒန်၊ ပွဲချိန် မိနစ် ၆၀ နှင့် ၆၃ မိနစ်တွင် အက်စ်ဂက်ဇစ်တို့က ဖိလစ်ပိုင်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဖိလစ်ပိုင် အမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# Pan Pacific Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စဝီယာတက်ခ် တက်ရောက်



**တိုကျို စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပနေသည့် Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဂျပန်တင်းနစ်မယ် ဟွန်တာမာတို့ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က(၆-၄၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ဂျပန်ပရိသတ်များ ရှေ့မှောက်တွင် အိမ်ရှင်ကစားသမားကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပထမပွဲငယ်တွင် စဝီယာတက်ခ်က ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဟွန်တာမာသည် လက်ရည်စစ်ပွဲအဆင့်မှ ပြိုင်ပွဲဝင်ခဲ့ရခြင်းဖြစ်သော်လည်း စဝီယာတက်ခ်ကို အကြိတ်အနယ် ကစားနိုင်ခဲ့သည်။

စဝီယာတက်ခ်အနေဖြင့် ဒုတိယပွဲငယ်တွင် အမှားအယွင်းများခဲ့သည့်အတွက်ကြောင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။

စဝီယာတက်ခ်က "ကျွန်မအနေနဲ့ ပြိုင်ပွဲရဲ့အစပိုင်းမှာပုံစံကောင်းပျောက်ဆုံးခဲ့တယ်လို့ခံစားမိတယ်။ ဒါပေမဲ့လဲ ဒုတိယအဆင့်မှာတော့ စွမ်းဆောင်ရည်ပိုင်း တိုးတက်လာတယ်။ ဒုတိယအဆင့်ရောက်တဲ့ထိ ပွဲငယ်တစ်ပွဲမှမရှုံးဘဲ ကစားထားနိုင်လို့လဲ ဝမ်းသာပါတယ်။ ပွဲငယ်တစ်ပွဲမှ မရှုံးသေးတဲ့အတွက်ကြောင့် ကျွန်မရဲ့စွမ်းဆောင်ရည်တွေ ကျဆင်းသွားတာမရှိဘူးလို့လဲ သတ်မှတ်နိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အခြားသောနာမည်ကြီးတင်းနစ်မယ်များဖြစ်ကြသည့် အမေရိကန်တင်းနစ်မယ် ပီဂူလာ၊ ဂရိတင်းနစ်မယ် ဆက်ကာရီတို့လည်း နိုင်ပွဲကိုယ်စီရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

**Ref : Japan Today**
**Trs : AZL**

# Northwest Arkansas Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကိုကာကွယ်သွားမည်ဖြစ်ကြောင်း တီသီကူလ် ပြောကြား

**အာကန်ဆက် စက်တင်ဘာ ၂၈**

အမေရိကန်နိုင်ငံ အာကန်ဆက်ပြည်နယ်တွင်ကျင်းပမည့် Northwest Arkansas Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်မည်ဟု ထိုင်းဂေါက်သီးရိုက်မယ် တီသီကူလ်က ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တီသီကူလ်သည် ၂၀၂၂ ခုနှစ်က Northwest Arkansas Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်း ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရန်ရုန်းကန်နေရသည့်ကစားသမားတစ်ဦးဖြစ်သည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ပထမဦးဆုံးသောဆုဖလားကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသလို လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ရန်လည်း ပြင်ဆင်ထားကြောင်း တီသီကူလ်က ပြောကြားခဲ့သည်။

တီသီကူလ်သည် ၂၀၂၂ ခုနှစ်တွင် LPGA Rookie of the Year Award ဆုကိုလည်းဆွတ်ခူးရရှိခဲ့သည့် ဂေါက်သီးရိုက်မယ်တစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် အောင်မြင်မှုများစွာ ဆွတ်ခူးခဲ့သော်လည်း ယခုနှစ်တွင်ပုံစံကောင်းပျောက်ဆုံးနေသလို အောင်မြင်မှုရရှိရန်လည်း ရုန်းကန်နေရသည့်အခြေအနေမှ ရုန်းထွက်နိုင်ရန်လည်း ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

တီသီကူလ်က "မနှစ်ကတော့ ကောင်းခြင်းအရာတွေ ပြည့်စုံခဲ့တယ်။ ဒီနှစ်မှာတော့ ခက်ခဲတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရတယ်။ မနှစ်တုန်းက Northwest Arkansas Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့တယ်။ ဒီနှစ်အတွင်းမှာ လက်ရှိချန်ပီယံဆုကိုကာကွယ်ရင်း ဆုဖလားရယူသွားချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : France24**
**Trs : AZL**

# စပိန်လာလီဂါ ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်

STA

ဂျီရိုနာ Vs ဂီးရဲလ်မက်ဒရစ်

**ကစားမည့်ရက်/အချိန် ၃၀-၉-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၄ - ၂ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | - | အိမ်(နိုင်) | ဧး(နိုင်) | အိမ်(နိုင်) |
| ရီးရဲလ်မက်ဒရစ် | - | အိမ်(နိုင်) | ဧး(ရှုံး) | အိမ်(နိုင်) |

ဂျီရိုနာအသင်းဟာ ပြိုင်ပွဲစုံ ငါးပွဲဆက်နိုင်ပွဲရရှိထားပြီး ပုံစံကောင်းပြသထားတယ်ဆိုပေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့အတွက်တော့ခက်ခဲမှာပါ။ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဂျီရိုနာအသင်းကိုအနိုင်ရယူဖို့အတွက်တော့ ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီပွဲမှာ ကစားသမားအင်အားပိုင်းအသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဂျီရိုနာ ၁ - ၂ ရီးရဲလ်မက်ဒရစ်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်

STA

ဟိုဖင်ဟိမ်း Vs ယူနီယံဘာလင်

**ကစားမည့်ရက်/အချိန် ၃၀-၉-၂၀၂၃ (ည ၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ယူနီယံဘာလင် ၂ - ၀ ဟိုဖင်ဟိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဟိုဖင်ဟိမ်း | - | ဧး(ရှုံး) | အိမ်(နိုင်) | ဧး(ရှုံး) |
| ယူနီယံဘာလင် | - | ဧး(ရှုံး) | ဧး(ရှုံး) | အိမ်(ရှုံး) |

ပြိုင်ပွဲစုံလေးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ယူနီယံဘာလင်အသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ တန်းတက် ဟိုဖင်ဟိမ်းအသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ ယူနီယံဘာလင်အသင်းရဲ့တိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ဒါကြောင့် ယူနီယံဘာလင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဟိုဖင်ဟိမ်း ၀ - ၁ ယူနီယံဘာလင်**

# ပြင်သစ်လီဂူး ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

STA

ကလဲယားမောင့် Vs ပီအက်စ်ဂျီ

**ကစားမည့်ရက်/အချိန် ၃၀-၉-၂၀၂၃ (ည ၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၂ - ၃ ကလဲယားမောင့်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကလဲယားမောင့် | - | ဧး(သရေ) | အိမ်(ရှုံး) | ဧး(ရှုံး) |
| ပီအက်စ်ဂျီ | - | အိမ်(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ကလဲယားမောင့်အသင်းအတွက် အိမ်ကွင်းဆိုပေမဲ့ ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ လက်ရှိ ပီအက်စ်ဂျီအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ကလဲယားမောင့်အသင်းကိုအနိုင်ကစားနိုင်ဖို့အတွက် ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းရဲ့ အနိုင်ရလဒ်ကသေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ကလဲယားမောင့် ၀ - ၃ ပီအက်စ်ဂျီ**

မိုနာကို Vs မာဆေး

**ကစားမည့်ရက်/အချိန် ၁-၁၀-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၁ - ၁ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | - | အိမ်(နိုင်) | ဧး(သရေ) | အိမ်(ရှုံး) |
| မာဆေး | - | အိမ်(သရေ) | ဧး(သရေ) | ဧး(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ မိုနာကိုအသင်းဟာ အခုပွဲစဉ်မှာတော့နိုင်ပွဲပြန်လည်ရရှိအောင်ပြင်ဆင်လာမှာပါ။ မာဆေးအသင်းကလဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ရလဒ်တွေဆိုးရွားနေပေမဲ့ အခုပွဲစဉ်မှာလဲ ရုန်းကန်လာရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ မိုနာကိုအသင်းပဲ ရလဒ်ကောင်းပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၁ မာဆေး**

# ပုဂံ-ညောင်ဦးမှ မြင်းခြံသို့

**ခရီးသွားဆောင်းပါး**

**သက်နိုင်(မြင်ဦးလွင်)**

ပုဂံ-ညောင်ဦးဒေသကို ဘုရားဖူးခရီးစဉ်အဖြစ် ထွက်လာခဲ့ကြတာ မနက်စောစောကတည်းက နာမည်ကျော် တန်ခိုးကြီးဘုရားစေတီ တော်တော်များများကို ရောက်ရှိဖူးမြော်ပြီးကြပါပြီ။ အခု ညနေပိုင်းမှာ ဟိုတယ်ကို ခဏပြန်ပြီး ရေမိုးချိုးအဝတ်အစားလဲပြီးကြတာနဲ့ ရွှေစည်းခုံစေတီတော်ကြီးကိုဖူးမြော်ရင်း ညစာထမင်းစားသောက်ကြရအောင် ထွက်လာခဲ့ကြတယ်။ ပုဂံဒေသရဲ့ ရာသီဥတုက နွေခင်းနွေလယ်ပိုင်းမှာ အလွန်ပူပြင်းသလောက် ညနေပိုင်းမှာ မိုးရိပ်လေရိပ်လေးတွေနဲ့ အနည်းငယ်သက်သာလာတယ်။ အချိန်ပြည့်နီးပါး ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားနေတတ်တဲ့ ရွှေစည်းခုံဘုရားမှာ အခုလဲ ဘုရားဖူးတွေပြည့်နေတယ်။ ဈေးဆိုင်တန်းတွေအနီးမှာ ကားရပ်ထားခဲ့ပြီး စောင်းတန်းအတိုင်း လျှောက်လာကြတော့ မြင်နေတွေ့နေကျ မရိုးမအီနိုင်တဲ့ ဘုရားဈေးတန်းမြင်ကွင်း အဖုံဖုံတွေကို တွေ့မြင်နေရတယ်။ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်၊ မကွေးမြသလွန်၊ စစ်ကိုင်းကောင်းမှုတော် စတဲ့ဘုရားစေတီတွေသာ အမျိုးမျိုးပြောင်းလဲသွားပေမဲ့ ဈေးတန်းတွေရဲ့မြင်ကွင်းက ပြောင်းလဲမှု ထူးထူးခြားခြား မရှိကြပါဘူး။ ရှည်လျားတဲ့စောင်းတန်းနဲ့ ဈေးဆိုင်တွေကိုဖြတ်ကျော်လာပြီး စေတီတော်ကြီးရှိရာကို ရောက်လာကြပါပြီ။

ဉာဏ်တော် ၁၆၅ ပေမြင့်ပြီး မြန်မာ့ရှေးအကျဆုံး စေတီတော်ကြီးတွေထဲက တစ်ဆူလို့ပြောလို့ရတဲ့ ရွှေစည်းခုံစေတီတော်ကြီးကို ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ဘီလူးပန်းဆွဲ၊ ဖောင်းရစ်အဆင့်ဆင့်၊ ကြာမှောက်ကြာလန်၊ ထုပိကာ၊ နတ်လေ့ကားတွေနဲ့ အတူ ခမ်းနားသပ္ပာယ်စွာ ဖူးတွေ့နေရတယ်။ စေတီတော်ကြီးကို အနော်ရထာမင်း (၁၀၄၄-၁၀၇၇) က ၁၀၆၀ ပြည့်နှစ် ဇန်နဝါရီ ၁၄ ရက်မှာ စတင်တည်ထားခဲ့ပြီး သရေခေတ္တရာကရရှိခဲ့တဲ့ ဗုဒ္ဓမြတ်စွာရဲ့ နဖူးသင်းကျစ်တော်၊ တရုတ်နိုင်ငံက ပင့်ဆောင်ခဲ့တဲ့ မြဆင်းတုတော်တွေကို ဌာပနာထားခဲ့သလို စေတီတော် ပစ္စယာသုံးဆင့်ပြီးချိန်မှာ သီဟိုဠ်(သီရိလင်္ကာနိုင်ငံ)က ပင့်ဆောင်ခဲ့တဲ့ စွယ်တော်မြတ်ကို ထပ်မံဌာပနာထားခဲ့ပြန်တယ်။ စေတီတော်ကြီးကိုတည်တဲ့အခါမှာ လိုအပ်တဲ့ ကျောက်ချပ်၊ ကျောက်ပြားတွေကို တုရင်တောင်ကနေ လူတန်းကြီးသုံးတန်း စီတန်းလက်ဆင့်ကမ်းပြီး သယ်ဆောင်ခဲ့တယ်လို့ ဘုရားသမိုင်းတွေက ဆိုတယ်။

ဒါပေမဲ့ အနော်ရထာမင်းလက်ထက်မှာ ဘုရားတည်မှုလုပ်ငန်းတွေ ပြီးပြတ်မသွားဘဲ ကျန်စစ်သား (၁၀၈၄-၁၁၁၃) နန်းတက်လာပြီးနောက် ၁၀၈၉ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှာ စေတီတော်ကြီးကို အပေါ်ကနေငုံပြီး ဆက်လက်တည်တဲ့အခါ ၁၀၉၀ ပြည့်နှစ် မေ ၁၅ ရက်မှာ အောင်မြင်စွာပြီးစီးသွားခဲ့တယ်။ စေတီတော်ကြီးမှာ မွန်ဘာသာလေးဖက်နဲ့ ရေးထိုးစိုက်ထူထားတဲ့ ကျန်စစ်သားမင်းကြီးရဲ့ အတ္ထုပ္ပတ္တိကျောက်စာတွေ၊ ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းခဲ့တဲ့ ခေါင်းလောင်းတော်ကြီး၊ ကုန်းဘောင်ခေတ်ဦး မြေဒူးမင်း (ဆင်ဖြူရှင်)ရဲ့အလှူတော်ကျောက်စာမှတ်တမ်းတွေကို လေ့လာကြည့်ရှုနိုင်ကြသလို အခြားလေ့လာကြည့်ညိုစရာတွေ အများအပြားလဲရှိနေတယ်။

စေတီတော်ကြီးရှိရာကိုရောက်လာကြတဲ့အချိန်က နေကျချိန်၊ နေစောင်းချိန်ဖြစ်နေတာကြောင့် ဖူးမြော်လေ့လာကြည့်ညိုစရာရှိတာတွေကို အေးဆေးသက်သာစွာနဲ့ ဆောင်ရွက်နိုင်နေကြတယ်။ ဒါကြောင့်လဲ အေးအေးဆေးဆေး သာသာယာယာ လေ့လာနေကြရင်းနဲ့ တစ်နေရာအရောက်မှာ "အောင်မြေကိုသွားလို့ရပါတယ်။ အောင်မြေနင်း ဆုတောင်းလို့ရပါတယ်" ဆိုတဲ့ လှုံ့ဆော်သံတွေကြောင့် စေတီတော်ကြီးရှိရာကို ရောက်လာခဲ့တဲ့အခါတိုင်း တစ်ကြိမ်တစ်ခါမှမရောက်ဖူးသေးတဲ့ အောင်မြေကိုသွားရောက်ကြဖို့ ခရီးဖော်တွေအားလုံးက ဆုံးဖြတ်လိုက်ကြတာနဲ့အတူ လှုံ့ဆော်အော်ဟစ်နေတဲ့ အမျိုးသမီးတွေရှိရာကို နေရာအတိအကျမေးမြန်းကြရအောင် ရောက်သွားခဲ့ကြတယ်။ အမျိုးသမီးတွေက အလွန်သဘောကောင်းကြပါတယ်။ အောင်မြေရှိရာကို သူတို့ကိုယ်တိုင် လိုက်လံပို့ဆောင်ပေးပါ့မယ်ဆိုပြီး ရှေ့ကနေ ဦးဆောင်ခေါ်သွားတာကြောင့် ခရီးဖော်တွေအကုန်လုံး သူတို့တွေရဲ့နောက်ကနေ တန်းစီလိုက်ပါသွားကြရတယ်။ အောင်မြေရှိတဲ့နေရာကို ဘုရားကြို ဘုရားကြား၊ စေတီကြို စေတီကြား၊ ဇရပ်ကြို ဇရပ်ကြားတွေကနေ လှည့်ပတ်ကွေ့ရှောင်သွားကြရလို့ လိုက်လံပို့ဆောင်ပေးကြတဲ့ အမျိုးသမီးတွေကို ကျေးဇူးတင်လိုက်ရသေးတယ်။ သူတို့တွေသာ လိုက်မပို့ပေးရင် မျက်စိလည်လမ်းမှားနိုင်




ပြီး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိကြမှာ မဟုတ်ပါဘူး။

အောင်မြေနေရာက အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့အောက်မှာ သပ်သပ်ရပ်ရပ်ရှိနေပြီး ကွန်ကရစ်အချောခင်းထားတယ်။ ကွန်ကရစ်ခင်းပေါ်မှာထပ်မံပြီး လူတစ်ထိုင်စာ သင်္ဘောဆေးပတ်လည် ရေးဆွဲပေးထားသေးတယ်။ အောင်မြေနေရာကို ရောက်ရောက်ချင်း လိုက်လံပို့ဆောင်တဲ့ အမျိုးသမီးက စည်းဝိုင်းထဲကို ညာဘက်ခြေထောက်လှမ်းပြီး ဝင်ပါဆိုတာနဲ့ ညာခြေတစ်ဖက်လှမ်းဝင်လိုက်ရတယ်။ ဆက်လက်ပြီး ဘုရားကို အာရုံပြုကန်တော့၊ ဆုတောင်းပါဆိုလို့ ဘုရားကန်တော့ ဆုတောင်းရတယ်။ ဘုရားကန်တော့ပြီးတဲ့အခါ စည်းဝိုင်းထဲကနေ ဘယ်ခြေလှမ်းပြီး ပြန်ထွက်ပါဆိုတာကြောင့် ပြောတဲ့အတိုင်း ထွက်ရပြန်တယ်။ ဒါပေမဲ့ စည်းဝိုင်းအပြင်ကို ဘယ်ခြေလှမ်းထွက်လိုက်တာနဲ့ တစ်ပြိုင်နက် မိမိရဲ့ရှေ့တည့်တည့်မှာ ငွေဖလားဖြူဖြူကြီးကို ဘွားခနဲတွေ့လိုက်ရသလို အလှူငွေဖလားထဲကို အလှူငွေ နှစ်ရွက်ထည့်လှူပါဆိုတဲ့ ပြောသံကိုလဲ ဆက်တိုက် ကြားလိုက်ရတော့တယ်။ အောင်မြေနေရာမှာ အမျိုးသမီးတွေခိုင်းတဲ့အတိုင်း တစ်ခုပြီး တစ်ခု လိုက်လံလုပ်ဆောင်ရင်းနဲ့ နောက်ဆုံးမှာ အလှူငွေနှစ်ရွက်ဆိုတာကို ငွေဖလားထဲ မဖြစ်မနေထည့်ရတော့မှာပါ။

အလှူငွေထည့်ဖို့အတွက် အိတ်ထဲကိုနှိုက်ကြည့်တော့ ငါးထောင်တန်တွေနဲ့ တစ်သောင်းတန်တွေပဲ ဖြစ်နေလို့ ဘယ်လိုလုပ်ရပါ့မလဲဆိုပြီး စဉ်းစားနေတုန်း အလှူငွေထည့်ခိုင်းတဲ့ အမျိုးသမီးကပဲ ကြိုက်တဲ့နှစ်ရွက်ကိုထည့်ပါ။ တစ်ရွက်ကို ပြန်ပေးပါ့မယ်ဆိုလို့ ငွေကျပ်ငါးထောင်တန်နှစ်ရွက်ကို ဖလားထဲထည့်လိုက်ရတယ်။ အဲဒီအခါမှာ အမျိုးသမီးတစ်ယောက်က ဖလားထဲက ငါးထောင်တန်တစ်ရွက်ကိုယူ၊ ဖလားအနီးပန်းအိုးထဲက သပြေတစ်ရွက်ကိုခူး၊ ငါးထောင်ကျပ်တန်နဲ့ သပြေရွက်ကို နှစ်ခုပေါင်း စနစ်တကျခေါက်၊ ပါးစပ်ကလဲ ဘာတွေမှန်းမသိ ရွတ်ဖတ်မန်းမှုတ်ပြီး ငါးထောင်တန်အခေါက်လေးကို ပြန်ပေးတယ်။ ငါးထောင်တန်အခေါက်လေးထဲမှာ သပြေရွက်လေးတစ်ရွက်လဲ ပါလာတယ်။ မိမိအလှည့်ပြီးတော့ နောက်ထပ် ခရီးဖော်လူကြီးတစ်ယောက်ကလဲ အလှူငွေနှစ်ရွက်ထပ်ထည့်ပေးရတယ်။ ဒါကြောင့် ကျန်တဲ့ခရီးဖော်တွေက တော်ပြီ ညာခြေနဲ့လဲ မဝင်ဘူး။ ဘယ်ခြေနဲ့လဲ မထွက်တော့ဘူးဆိုပြီး အောင်မြေစည်းဝိုင်းနားကနေ အဝေးကို ထွက်သွားကြတော့တယ်။ မိမိနဲ့အတူ ခရီးဖော်လူကြီးတစ်ယောက်ကတော့ ပထမဆုံးလူတွေအဖြစ် ဘာမသိ၊ ညာမသိနဲ့ အလှူငွေတွေထွက်သွားခဲ့ရတယ်။ အလှူငွေလဲ ထည့်ခွင့်ရ၊ အောင်မြေလဲ နင်းခွင့်ရ၊ အတွေ့အကြုံ ဗဟုသုတလဲရပေမဲ့ သိသိကြီးနဲ့ ခံလိုက်ရတယ်ဆိုတာကိုလဲ သိနေတယ်။

ရွှေစည်းခုံဘုရားကနေ ပြန်ထွက်လာကြတော့ နေဝင်သွားခဲ့ပြီဖြစ်ပြီး အပြင်ဘက်မှာ အလင်းရောင် အနည်းငယ်လောက်သာ ကျန်ရှိနေပါတော့တယ်။ အစီအစဉ်က ညစာထမင်း သွားရောက်စားသောက်ကြတော့မှာပါ။ ဒါကြောင့် ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေပေါများတဲ့ ဈေးလမ်းရှိရာကို ဦးတည်မောင်းနှင်လာခဲ့လိုက်တယ်။ ခရီးဖော်တွေကို မြန်မာထမင်းဟင်းနဲ့ တရုတ်ထမင်းဟင်း ဘာစားကြမလဲဆိုပြီး မေးမြန်းကြည့်တော့ တရုတ်ထမင်းဟင်းစားကြမယ်ဆိုတာနဲ့ တရုတ်အစားအစာတွေရတဲ့ စားသောက်ဆိုင်ကိုရှာဖွေရတော့တယ်။ ဒါပေမဲ့ အလွယ်တကူရှာဖွေမတွေ့တာကြောင့် လမ်းဘေးတစ်နေရာမှာ ကားရပ်ပြီး မေးမြန်းစုံစမ်းလိုက်ရတယ်။ လမ်းပြလိုက်တဲ့သူက ရှေ့နားရောက်ရင် ဘယ်ဘက်လမ်းထဲချိုးဝင်လိုက်၊ တရုတ်အစားအစာ၊ တရုတ်စားသောက်ဆိုင်တွေကို အများအပြားတန်းစီတွေ့ရလိမ့်မယ်လို့ ပြောပြလိုက်သလို လမ်းထဲကိုချိုးကွေ့ဝင်ရောက်လိုက်တဲ့အခါ အကင်ဆိုင်၊ ပင်လယ်စာဆိုင်၊ ခေါက်ဆွဲဆိုင်၊ ဝက်သားဒုတ်ထိုးဆိုင်၊ စွပ်ပြုတ်ဆိုင်စတဲ့ ဆိုင်ပေါင်းများစွာကို လမ်းဘေးဝဲယာတစ်လျှောက်မှာ စားသောက်နေကြသူတွေနဲ့အတူ စည်စည်ကားကား တွေ့မြင်လိုက်ရတယ်။ ရောက်ရှိလာတဲ့နေရာက တရုတ်အစားအစာတွေကို အဓိကထားရောင်းချနေတဲ့ ညဈေးတန်းကြီးတစ်ခုပါ။

စည်ကားရှုပ်ထွေးလှတဲ့ ပုဂံမြို့ညဈေးတန်းလမ်းမကြီးပေါ်မှာ ကားကို တဖြည်းဖြည်းနဲ့ ရှောင်ရင်း၊ တိမ်းရင်း၊ မောင်းရင်း ညနေစာထမင်းစားသောက်ကြဖို့အတွက် သင့်တော်တဲ့ဆိုင်တစ်ဆိုင်ကိုလဲ သတိထားပြီး ရှာဖွေနေရတယ်။ ဒါပေမဲ့ ညဈေးတန်းထဲမှာ ညစာထမင်းစားသောက်ကြဖို့အတွက် အဆင်ပြေတဲ့ဆိုင် ရှိမနေပါဘူး။ ဆိုင်တွေအားလုံးက ယာယီအမိုးတဲလေးတွေ၊ စားပွဲ၊ ကုလားထိုင်သေးသေးငယ်ငယ်လေးတွေ၊ ကျဉ်းကျဉ်းမြောင်းမြောင်းလေးတွေနဲ့ လမ်းဘေးဆိုင်လေးတွေဖြစ်နေကြတယ်။ ရှည်လျားလှတဲ့ ညဈေးတန်းကြီးကို ကုန်ဆုံးသွားတဲ့ထိ ဖြတ်သန်းမောင်းနှင်လာခဲ့ပြီး ညစာထမင်းစားသောက်ကြဖို့အတွက် ဆိုင်မတွေ့တာကြောင့် ကားကိုနောက်ပြန်ကွေ့တော့မယ်အလုပ်မှာ ရှေ့မလှမ်းမကမ်းမှာရှိနေတဲ့ စားသောက်ဆိုင်ကြီးတစ်ဆိုင်ကို ရုတ်တရက်တွေ့မြင်လိုက်ရတယ်။ ဆိုင်ကြီးက တရုတ်အစားအစာတွေပါရတဲ့အပြင် ဥရောပ၊ ထိုင်း စတဲ့ အရှေ့တိုင်း၊ အနောက်တိုင်း အစားအသောက်မျိုးစုံရရှိနေတယ်။ အချိန်က ည ခုနစ်နာရီထိုးခါနီး ညစာထမင်းစားသောက်ကြဖို့ အချိန်ဖြစ်နေတာကြောင့် နောက်ထပ်ဆိုင်တွေထပ်မရှာတော့ဘဲ ဆိုင်အတွင်းကို ဝင်ရောက်လိုက်ကြတယ်။

ဆိုင်အပြင်အဆင် အနေအထားက ပုဂံခေတ်ပုံစံ အုတ်ရိုး၊ အုတ်ကွက်၊ အုတ်နံရံ၊ အနုပညာလက်ရာတွေနဲ့ ခံ့ခံ့ညားညား သပ်သပ်ရပ်ရပ်ပါ။ ဆိုင်အတွင်းမှာလဲ စားပိုင်းတစ်ပိုင်းသာရှိနေပြီး တစ်ဆိုင်လုံး ရှင်းလင်းနေတယ်။ ဒါကြောင့် ညစာ ထမင်းစားသောက်ကြဖို့အတွက် ကြက်အစိမ်းကြော် တစ်ပွဲ၊ ဝက်စတူး တစ်ပွဲ၊ ငါးသံပရာပေါင်းတစ်ပွဲ၊ ဖိတန်သုပ်တစ်ပွဲနဲ့ ပင်လယ်စာအစုံ၊ တုံယန်းဟင်းရည် တစ်ပွဲတို့ကို မှာယူလိုက်တယ်။ မကြာခင်မှာ ဟင်းပွဲတွေတစ်ပွဲပြီး တစ်ပွဲ ရောက်ရှိလာတာနဲ့အတူ ဆိုင်ရှင်က ဟင်းတွေထဲမှာ တုံယန်းဟင်းရည်ပါနေတာကြောင့် ဝက်စတူးကို အရည်နဲ့မလုပ်တော့ဘဲ စားကောင်းအောင်ချဉ်စပ်ပြန်ချက်လေး လုပ်ပေးထားတယ်ဆိုပြီး ဟင်းပွဲကိုချပေးတယ်။ ဆိုင်ရှင်ရဲ့စေတနာပါမှုကြောင့် ဟင်းပွဲတွေအားလုံးက အရသာရှိရှိ ကောင်းမွန်နေတာကို တွေ့ရတယ်။ ဒီတစ်ည ညစာထမင်းကလဲ စားလို့မြိန်ခဲ့ရပါတယ်။

ညစာထမင်းစားကောင်းကြတဲ့အပြင် ထမင်းစားသောက်နေကြတုန်း မထင်မှတ်တဲ့မိုးက ရုတ်တရက်ရွာချလိုက်လို့ ညအိပ်ကြတဲ့အခါ မပူမပြင်းအေးအေးလူလူ အိပ်စက်ရတော့မယ်ဆိုပြီး ယူဆထားလိုက်ကြတယ်။ ထင်မြင်ယူဆထားတဲ့အတိုင်း ဟိုတယ်ကို ပြန်လည်ရောက်ရှိလာကြပြီး အိပ်စက်အနားယူကြတဲ့အခါ မိုးရွာထားလို့ ရာသီဥတုအေးနေတာရယ်၊ လျှပ်စစ်မီးလာနေလို့ လေအေးပေးစက်တွေ အသုံးပြုခွင့်ရနေတာရယ်ကြောင့် ကောင်းကောင်းမွန်မွန်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ရတယ်။ ဒါ့ပြင် ဟိုတယ်ပိုင်ရှင်မိသားစုက မီးပျက်သွားရင်လဲ စိတ်မပူကြပါနဲ့ မီးစက်နှိုးပေးပါ့မယ်ဆိုပြီး ကြိုတင်ပြောဆိုအသိပေးထားလို့ စိတ်ချလက်ချ အိပ်စက်ခဲ့ကြရတယ်။ အခုနောက်ပိုင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေကို ခရီးထွက်မယ်ဆိုရင် ရာသီဥတုကောင်းမွန်တဲ့ ဆောင်းကာလ အချိန်အခါတွေရောက်မှသာ ခရီးထွက်သင့်နေပါတယ်။ ဒီလိုမှမဟုတ်ရင် ညအချိန်အိပ်လို့ ရကြတော့မှာမဟုတ်ပါဘူး။ အခုလဲ ပုဂံဒေသရဲ့အပူဒဏ်ကို မခံနိုင်ကြတော့လို့ လေ့လာလည်ပတ်စရာနေရာတွေ ကျန်ရှိနေသေးပေမဲ့ မနက်စောစောအိပ်ရာထပြီး ပြန်ကြပါတော့မယ်။

ပုဂံမြို့မှာ ရက်တိုးပြီးမနေနိုင်တော့တာကြောင့် အပြန်ခရီးအဖြစ် သွားရင်းလာရင်းနဲ့ မြင်းခြံမြို့က စွန်းလွန်းကျောင်းတိုက် နာမည်ကျော် ရန္တပို့ရွာ၊ နွားထိုးကြီးမြို့ထဲက ရှင်ပင်သာဒွန်းဦးဘုရား၊ ကမ္ဘာ့ပထမဦးဆုံး အင်ကြင်းကျောက်စေတီတော် စတာတွေကို ဝင်ရောက်လေ့လာဖူးမြော်ကြဖို့ တိုင်ပင်ဆုံးဖြတ်လိုက်ကြတယ်။ ခရီးစဉ်အနေအထားက ပျော်ရွှင်ဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်တွေကို ထပ်မံတွေ့ကြုံ ရင်ဆိုင်ကြရအုံးမှာပါ။

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်


ယခုနှစ် ဩဂုတ်လက ပန်းချီပြပွဲကို တွေ့ရစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ အွန်လိုင်းပန်းချီပြပွဲကို အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ စောလှိုင်၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ လှတင်ထွန်း၊ ပန်းချီ ဌေးအောင်၊ ပန်းချီ သန်းဆိုင်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ တင်မြ၊ ပန်းချီ စောတင့်ဝေ၊ ပန်းချီ မောင်ကျော်ခေါင်၊ ပန်းချီ တင်အောင်ထိုက်၊ ပန်းချီ ဝင်းမြတ်အောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့်လက်ရာစုံ ပန်းချီကား ၅၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပန်းချီဆရာတွေရဲ့ လက်ရာစုံပန်းချီကား ၅၀ ကို ပြသမှာဖြစ်ပါတယ်။ နိုင်ငံတကာပန်းချီပြိုင်ပွဲတွေမှာ ဆုရထားတဲ့ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေကို အဓိကပြသပေးမှာဖြစ်ပါတယ်"ဟု ရွှေမြန်မာပန်းချီပြခန်း တာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၁၆×၂၄)လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် သိန်း ၄၀ ထိရှိကြောင်း သိရသည်။ ASH

# Oppenheimer ဇာတ်ကား ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေကောင်းနေဆဲဖြစ်

**နယူးယောက် စက်တင်ဘာ ၂၈**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Oppenheimer ဇာတ်ကားသည် ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေကောင်းနေဆဲဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ရုံတင်ပြီး ၁၀ ပတ်မြောက် သီတင်းပတ်ကုန်ဆုံးချိန် စက်တင်ဘာ ၂၅ ရက်တွင် Oppenheimer၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၉၂၅ ဒသမ ၉ သန်းထိရှိလာခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် Oppenheimer ဇာတ်ကားသည် ပြည်တွင်းဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ သန်းထိ ထပ်မံရရှိခဲ့သည်။

Oppenheimer ဇာတ်ကားသည် Barbie နှင့် The Super Mario Bros.Movie ဇာတ်ကားများပြီးလျှင် ယခုနှစ်၏ တတိယမြောက်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Oppenheimer ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က ရိုက်ကူးပေးခဲ့ပြီး မင်းသမီးအမ်မလီဘလန့်နှင့် မင်းသား စီလီယံမာဖီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Screen Rant**
**Trs : KKO**




# တေးရေးတေးဆို ကိုနေဝင်း(မဂ္ဂျီမလှိုင်း)၏ ၇၃ နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ကဗျာတစ်ပုဒ်ရဲ့အလွမ်း တေးစီးရီး စက်တင်ဘာ ၃၀ ရက်တွင် ထွက်ရှိမည်




**ရန်ကုန် စက်တင်ဘာ ၂၈**

တေးရေးတေးဆို ကိုနေဝင်း (မဂ္ဂျီမလှိုင်း)၏ ၇၃ နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ကဗျာတစ်ပုဒ်ရဲ့အလွမ်း အမည်ရှိ တေးစီးရီးကို စက်တင်ဘာ ၃၀ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ကဗျာတစ်ပုဒ်ရဲ့ အလွမ်း တေးစီးရီးကို Tribute Records Music Production က ထုတ်လုပ်ထားခြင်းဖြစ်ပြီး တေးရေးတေးဆို ကိုနေဝင်း(မဂ္ဂျီမလှိုင်း)၏ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သီဆိုတေးသီချင်း ၁၂ ပုဒ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"အခွေကတော့ မွေးနေ့မှာ ထွက်လာမှာပါ။ အသစ်အဟောင်း ၁၂ ပုဒ် သီဆိုထားပါတယ်။ မဂ္ဂျီမလှိုင်းကပဲ တီးခတ်ပေးထားတာပါ" ဟု တေးရေးတေးဆို ကိုနေဝင်းက ပြောပြသည်။

ကဗျာတစ်ပုဒ်ရဲ့အလွမ်း တေးစီးရီးတွင် ကိုနေဝင်း(မဂ္ဂျီမလှိုင်း) ကိုယ်တိုင်ရေးစပ်ထားသည့် စောင်းခတ်သံ၊ နောက်ဆုတ်နောက်ဆုံး၊ မဆိုချင်တဲ့ အလွမ်းတေးတစ်ပုဒ်၊ ဒီတစ်ခါ ကျောင်းတွေဖွင့်ရင်၊ မခေါ်မကောင်း ခေါ်မကောင်း၊ ကဗျာတစ်ပုဒ်ရဲ့အလွမ်း၊ ဆောင်းတော်ကူး ပန်းလေးတွေပွင့်တဲ့အခါ၊ ချစ်တိုင်းလဲမညား ညားတိုင်းလဲမချစ်၊ စက်ဝိုင်းရဲ့ဖြစ်စဉ်၊ လိုတရလွယ်အိတ်ကလေး စသည်ဖြင့် တေးသီချင်း ၁၂ ပုဒ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# မင်းသမီး ဟက်တီမက်ဒန်နီယယ်၏ ပျောက်ဆုံးနေသော အော်စကာဆုကို ပုံတူအသစ်ဖြင့်အစားထိုးပေးမည်

**နယူးယောက် စက်တင်ဘာ ၂၈**

အမေရိကန် လူမည်းရုပ်ရှင် မင်းသမီး ဟက်တီမက်ဒန်နီယယ်၏ ပျောက်ဆုံးနေသော အော်စကာဆုကို အမေရိကန်ရုပ်ရှင် အနုပညာနှင့် သိပ္ပံအကယ်ဒမီက ပုံတူအော်စကာဆုအသစ်ဖြင့် အစားထိုးပေးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်ရုပ်ရှင် အနုပညာနှင့် သိပ္ပံအကယ်ဒမီသည် ဟက်ဒီမက်ဒန်နီယယ်၏ ပုံတူအော်စကာဆုကို ဟိုးဝပ်တက္ကသိုလ်ချက်ဝစ်ဘိုမင်း အနုပညာကောလိပ်သို့ လှူဒါန်းရန် စီစဉ်ထားသည်။

မင်းသမီး ဟက်တီမက်ဒန်နီယယ်သည် အကောင်းဆုံးဇာတ်ပို့သရုပ်ဆောင် မူလအော်စကာဆုကို Gone With Wind (1939) ဇာတ်ကားဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါ အော်စကာဆုသည် အမေရိကန် ဟောလိဝုဒ်ရုပ်ရှင်လောကသမိုင်း၌ လူမည်းသရုပ်ဆောင်တစ်ဦး ပထမဆုံးရရှိခဲ့သော အော်စကာဆုလည်းဖြစ်သည်။

အဆိုပါအော်စကာဆုက မင်းသမီးမက်ဒန်နီယယ် ၁၉၅၂ ခုနှစ်တွင် ကွယ်လွန်ပြီးနောက် ဟိုးဝပ်တက္ကသိုလ်က လက်ခံထိန်းသိမ်းပေးခဲ့ကြောင်း၊ သို့ရာတွင် အဆိုပါအော်စကာဆုသည် ၁၉၆၀ ပြည့်နှစ် သို့မဟုတ် ၁၉၇၀ ပြည့်နှစ် ကာလတစ်ချိန်ချိန်တွင် ပျောက်ဆုံးခဲ့ရပြီး လက်ရှိအချိန်ထိလည်း ပြန်လည်ရှာတွေ့ခြင်း မရှိတော့ကြောင်း သိရသည်။

**Ref : Movieweb**
**Trs : KKO**





# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဟားစတိုင်လူ့ရှင်တော်အဖွဲ့ ကြီးဆောင်၍ ဇာတ်၊ သဘင်၊ ရုပ်ရှင် သက်ကြီးအနုပညာရှင်များအား ကန်တော့ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆) ရပ်ကွက်ရှိ အေးသုံးလုံးခန်းမတွင် ဟားစတိုင် လူ့ရှင်တော်အဖွဲ့က ဦးဆောင်၍ ဇာတ်၊ သဘင်၊ ရုပ်ရှင် သက်ကြီးအနုပညာရှင်များအား ကန်တော့ပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း ဟားစတိုင်လူ့ရှင်တော်အဖွဲ့မှ ဟာသလူ့ရှင်တော် စတားကောင်းထက်က ပြောပြ၍ သိရသည်။

အဆိုပါ ကန်တော့ပွဲတွင် ကန်တော့ခံ ဇာတ်၊ သဘင်၊ ရုပ်ရှင် သက်ကြီးအနုပညာရှင်များက အမှတ်တရ တေးသီချင်းများကို သီဆိုကာ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး လူ့ရှင်တော် စတားကောင်းထက်က ကန်တော့ပွဲကျင်းပပြုလုပ်ရခြင်းကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

"ဟာသပညာရှင်များ အစည်းအရုံး(ဇဟို)က လူ့ရှင်တော်တွေကို တစ်နှစ်မှတစ်ခါ ကန်တော့တာပါ။ အစည်းအရုံးက တစ်နိုင်ငံလုံးခြုံပြီး ပံ့ပိုးရတာဖြစ်တဲ့အတွက် အပြတ်မပံ့ပိုးနိုင်ဘူး။ ဒါကို ကျွန်တော်တို့က လမ်းစဖောက်တဲ့အနေနဲ့ အခုလိုမျိုး လုပ်တာပါ။ ကျွန်တော်တို့အဖွဲ့ လုပ်တာမျိုးကိုကြည့်ပြီး နောက်နောင် အဖွဲ့တွေလဲ လှူနိုင်အောင် နှိုးဆော်ပေးတဲ့သဘောပါ"ဟု ဟားစတိုင် လူ့ရှင်တော်အဖွဲ့မှ ဟာသလူ့ရှင်တော် စတားကောင်းထက်က ပြောပြသည်။

အခမ်းအနားတွင် ဇာတ်၊ သဘင်၊ ရုပ်ရှင် သက်ကြီးအနုပညာရှင်များဖြစ်သည့် ဟာသသရုပ်ဆောင် တိမ်ညွှန့်၊ နေကျော်၊ မတူး၊ ပေါ်လေး၊ စံမိုး၊ မန်းကျော်အပါအဝင် သက်ကြီးအနုပညာရှင် ၂၇ ဦးကို ငွေကြေးနှင့် ကန်တော့ပစ္စည်းများကို ပံ့ပိုးကန်တော့ခဲ့ကြကြောင်း၊ လာရောက်အကူအညီ တောင်းခံထားသည့် သက်ကြီးအနုပညာရှင် ကိုးဦးကိုလည်း အိမ်တိုင်ရာရောက် ငွေကြေး၊ ကန်တော့ပစ္စည်းများကို သွားရောက်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

ဟားစတိုင် လူ့ရှင်တော်အဖွဲ့သည် မြန်မာ့ရုပ်မြင်သံကြားတွင် အပတ်စဉ် ထုတ်လွှင့်လျက်ရှိသည့် ဟာသမြို့တော်အစီအစဉ်မှရရှိသည့် ရိုက်ကူးခ အကျိုးအမြတ်များကို မတည်ပြီး သက်ကြီးအနုပညာရှင်များကို ပံ့ပိုးကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# State Administration Council Chairman Prime Minister Senior General Min Aung Hlaing addresses SAC's meeting (4/2023)



Senior General Min Aung Hlaing delivers address at the meeting.

**Nay Pyi Taw September 28**

The State Administration Council held its meeting (4/2023) at the office of the SAC Chairman in Nay Pyi Taw with an address by SAC Chairman Prime Minister Senior General Min Aung Hlaing.

Present at the meeting were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary Lt-Gen Aung Lin Dwe, SAC Joint Secretary Lt-Gen Ye Win Oo, SAC members and officials.

In his speech, the Senior General said the SAC is the highest organization in the country taking charge of the State, so it needs to exemplify the welfare of the State and its people. A government must set aims and objectives in implementing multilateral development of the State. We are also working towards the country's prosperity, food and water security as two national tasks. Meanwhile, we are implementing the two political tasks: the strengthening of multi-party democracy and the establishment of a federal system based on democracy and federalism. The State is to be built not only under the current government but also in the future. To do this, the current government has adopted a five-point roadmap and nine objectives. SAC members need to constantly maintain and implement them.

**SAC must take control and supervisory measures in implementing the aims and objectives of the State successfully**

After the SAC had begun to assume state responsibilities, and at the first meeting, I have said that our country is underdeveloped. Although our country already possesses many aboveground and underground resources, natural resources, and human resources, it is be found that development has lagged because of its lack of efficient use. If our country was to be stable and implement its expectations and objectives correctly, it would be able to stand at a medium level among the countries of the region within a few years. In assigning members of the SAC, senior military officials and regional officials were assigned to the State duties by reviewing their assigned duties, performances and achievements.

**Strive for regional development in respective assigned regions**

Regarding the SAC members' regional tours of duty, the Senior General said: "By doing so, I want to know the real situation in the region, and I want to know the true attitude of the public. I want to know the need for their mood. So, I told them to go only after they had had shares of responsibilities. That's why we've learned more about the situation than ever. For example, we have learned the need for education, the health conditions, needs of the region, the economy and regional development, and all individuals doing business without fail, manufacturing, and the needs of agriculture and livestock breeding. Then, we can decide what we should do there, and think about it. Because of this, it will also greatly contribute to our objectives— either directly or indirectly. If we know their concept so that we can take the multi-party route as stated in our political expectations, we can consider how we will fulfil. When they have trust in us, we will be able to implement it quickly. Similarly, when we go to a democratic and federal system, we will be able to do so with trust and confidence by answering their statements and wishes. Similarly, in connection with the prosperity of the country, if businesses I just mentioned can be carried out properly and education can be provided, the public will enjoy their lives and will make concerted efforts for the prosperity of the country. As I said our country has resources above and under the ground, man power and land but it has not developed as much as it should and if people can work more to overcome it, the country will have abundant supplies of food, water supply and basic needs. Having abundant supplies of basic needs contribute to the prosperity of the country, which is the first objective. They are correlated. Therefore, members of the SAC were able to visit respective areas and it can be said that the results are invaluable. They are invaluable and cannot be measured with a ruler because only one or two things were found out during the visits. They are correlated. Therefore, the SAC is required to exert efforts without losing sight of them. Members of the SAC are assigned to respective regions and required to visit the regions and exert efforts as much as possible."

Then, members of the SAC reported to the Senior General on their region visits, findings about needs for education, health, economic and regional development, the wish of local residents to lead a peaceful lives, potential for internal peace due to efforts of the country to restore peace despite the instigations of some foreign organizations to cause instabilities in ethnic areas and the needs for technologies and infrastructure to manufacture advanced products in respective regions.

Then, the joint secretary of the SAC reported to the Senior General on current anti-terrorist activities to restore stability of the country, measures taken to restore the rule of law, seizures of arms and ammunition from terrorists, emphasis placed on combating narcotic drugs, action taken against illegal trade and plans to take effective action against those who sell edible oil and commodities at higher prices above the set ones and officials who are involved in such activities while the secretary of the SAC reported to the Senior General on work done by the SAC and measures taken for coordination of reports from respective regions.

After hearing the reports, the Senior General said there are tasks to be carried out for education, health, economic and regional development by respective regional and state governments as well as by the union level. The needs are being fulfilled step by step. Efforts must be made to generate electricity and to provide infrastructure to manufacture value-added products in respective regions and states. The Senior General also discussed other requirements.

In his concluding remarks, the Senior General said the State Administration Council's ultimate goal is to hold a free, fair multiparty democracy general election. The electoral malpractice that happened in the 2020 Election was an ugly matter for the country. Taking a lesson from it, preparation is being made to ensure the correct voting list. It is necessary to conduct the nation-wide census to ensure the correct voting list. The country conducted a collection of nation-wide census in 2014. In terms of international norms, the census is collected every 10 years. Doing so is helpful to ensuring the correct voting list as well as having data necessary for the development of the country. Therefore, a test collection of census will be conducted starting October and a nation-wide collecting census will be conducted in 2024 as well.

Federalism will be exercised based on a region, not on a race. Internationally, there are different exercises of federalism among the countries. We will exercise federalism in conformity with the situation of our country. We regained independence through the sacrifice of many lives. All the people need to know the true situation of the country. Interests of the nation should be given priority rather than that of a race. It is necessary to focus on building a true union.

"Regarding the preparations being made to mark the 8th anniversary of NCA, the forthcoming October 15 will fall on marking the 8th anniversary of signing NCA. This must be done with the political essence. All the leaders of ethnic peoples have been invited as being within reach as possible as and foreign nations as well. Some replied they would come and some said they would send their key representatives. Our ethnic peoples' leaders need to prefer to attend the anniversary event as foreign nations have such a sort of outlook. In Particular, all of the groups who signed the NCA need to attend the event. If non-NCA groups want to have peace, they need to pave a way of peace by attending the anniversary event. Holding hatred will hurt the nation. We are moving forward now as much as we can. We must do it. So, if we are open and have no reason to suspect and clear of grudge, our path of goal will be achieved smoothly. For this, all are urged to work together."

100

# Magway Region authorities plan to invite a flock of Thai tourists as Fam trip for initiating tourism market


An ancient temple in Magway Region.

**Magway September 28**

Arrangements have been made to invite a flock of Thai tourists on a Fam trip as part of implementing the tourism market in Magway Region, said director U Zaw Lwin Htet of the Region Directorate of Hotels and Tourism.

The Thai tourist flock was invited through the Bangkok-Yangon-Magway-Minbu-Minhla-Yehangyoung-Yangon-Bangkok route in July.

"Three Thai citizens including Ms Petchsri Nonsiri was invited to implement the tourism market in Magway Region. The group was provided the services of Bangkok-Yangon-Magway-Minbu-Minhla-Yehangyoung-Yangon-Bangkok route from 28 to 31 July," he explained.

Those Thai tourists visited Magway Myathalun Pagoda, the night life of strand road and Kantha Lake on the first day and Minbu Mann Shwesettaw Pagoda, canoeing in Mann Creek, Manchaung elephant camp, observation at rare star tortoise and feeding golden deer as well as visiting Minbu Nagapwet Hill and Sekkeinte Pagoda on the second day.

On the third day, they toured Minhla Fort and Kwaychaung Fort and bought domestic products. On the fourth day, they visited the stone inscription chamber in Yenangyoung, ancient buildings in colonial era, fascinated Yenangyoung Canyon and lifestyle of local people.

The Thai tourists preferred the tour package and reportedly, they pledged to disseminate such tours to their friends in Thailand.

ASH

# E-Lock Control Room to directly monitor commodities in Logistics Surveillance System - E-Lock

**Nay Pyi Taw September 28**

The Customs Department stated that transport of cargos will be monitored through logistics surveliianec system-e-lock system.

Cargo will be checked at the start points and ending points with the use of CCTV cameras from the e-lock control room.

"We will check cargo from the transport facilities with the use of CCTV cameras from the e-lock control room," said assistant director U Maung Maung Myat of the department.

The Customs Department and Thilawa Special Economic Zone management committee jointly implemented the e-lock system to check the cargos in the container trucks, starting from 19 September.

As a phase 1, the e-lock system is being applied in checking cargo along the route Thilawa SEZ to Myawady trade zone. If the first phase meets success, the phase 2 will cover the transport routes from Yangon-Myawady, Mandalay-Muse, and Yangon-Mandalay routes.


Container trucks wait in line to undergo checks.

ASH

# ChaungU Township completes cultivation of 1,340 acres of maize and corn plantations this year

**ChaungU September 28**

ChaungU Township Agriculture Department stated that local farmers have completed cultivation of 1,340 acres of maize and corns in the township of Monywa District in Sagaing Region this monsoon.

In 2023-24 cultivation season, the township has set a target to grow 995 acres of maize and corn in monsoon, but local farmers have cultivated 1,340 acres of such crops from May, exceeding the target.

Head of Township Agriculture Department Daw Khin Myat Myat Oo said, "Local farmers expand sown acreage of maize year after year. As it fetches good price, local farmer cultivated expansion of maize. The department provides agricultural techniques and agricultural awareness to local farmers to prevent pests in the plantations."

Local farmers have grown 1,254 acres of corns and 86 acres of maize, totalling 1,340 acres. This year, the Township Agriculture Department conducts the training courses to local farmers in addition to arranging field demonstration, prevention of faw pest, use of pesticides and agricultural techniques.

In 2023-24 cultivation season, ChaungU Township targeted to grow 69 acres of maize and 3,227 acres of corn, totalling 3,296 acres, according to the statistics of the township department.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 10,000 acres of groundnut grown in Minbu District during monsoon

**Minbu September 28**

Minbu District in Magway Region has grown over 10,000 acres of groundnut during the monsoon of the current fiscal 2023-2024 to meet the target of yielding 70 baskets per acre, according to U Hla Moe, head of the District Agriculture Department.

Growing finished on 20 September with a target of a 70-basket yield of groundnut per acre.

"In five townships of Minbu District, groundnut was grown in monsoon as targeted," said U Hla Moe.

Minbu (Saku) Township grew 5,347 acres of groundnut in 29 village-tracts, Pwintphyu Township 150 acres in seven village-tracts, Salin Township 4,897 acres in 15 village-tracts, Ngape Township 250 acres in six village-tracts, and Sidoktaya Township 100 acres in 10 village-tracts.

Thus, a total of 10,744 acres of groundnut were grown in the five townships of Minbu District and the target was fully met.


The agriculture department is cooperating with local farmers to meet target yields of various crops such as paddy, sesame, groundnut, sunflower, pigeon pea, gram and long staple cotton. The department is also providing good crop strains and modern cultivation methods to the local farmers.

Po Htet (Minbu)


Newly harvested groundnuts being dried in the sun.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံက အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ် Portable Drone Jammers များ ထုတ်ဖော်ပြသ



ရုရှားနိုင်ငံသည် ခေတ်မီစစ်ပွဲများ၏ အစဉ်အဆက် တိုးတက်ဖွံ့ဖြိုးနေသည့် အခင်းအကျင်းသစ်တွင် ဒရုန်းများအသုံးပြုမှုသည် ပိုမိုပျံ့နှံ့လာကာ စစ်မြေပြင်ရှိ တင့်၊ သံချပ်ကာ ယာဉ်များကို ကာကွယ်ရန် နောက်ဆုံးထုတ် REB "Волнорез" (Volnorez–Breakwater) အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ် Portable Drone Jammers များကို ထုတ်ဖော်ပြသခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက်က www. armyrecognition သတင်းဌာနက ဖော်ပြထားသည်။

ရုရှားစစ်ဘက်ကုန်စည်ပြပွဲ ၂၀၂၄ အတွင်းက T-80BVM Main Battle Tank (MBT) ပေါ်တွင် တပ်ဆင်ပြသခဲ့ပြီး ခေတ်မီဆန်းသစ်သော အဆိုပါအီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်ကို ကမ္ဘာတစ်ဝန်းရှိ ကာကွယ်ရေးလေ့လာသုံးသပ်သူများ၏အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

Volnorez အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်သည် လှိုင်းနှုန်း 900 MHz မှ 3000 MHz ထိ ကျယ်ပြန့်စွာ အထင်ကြီးလောက်သော ကြိမ်နှုန်းလွှမ်းခြုံမှုပိုင်ဆိုင်ထားပြီး ကျယ်ပြန့်သော Spectrum လှိုင်းနှုန်း လွှမ်းခြုံထားနိုင်စွမ်းသည် ထိုလှိုင်းနှုန်းများအတွင်း လည်ပတ်လုပ်ဆောင်နေသော ဒရုန်းအမျိုးမျိုးကို ထိထိရောက်ရောက် ဟန့်တားနိုင်စေသည်။ တစ်ကီလိုမီတာကျော်အကွာမှ ဒရုန်းအချက်ပြမှုများကို နှောင့်ယှက်ဖိဖျက်နိုင်သည့် စွမ်းရည်ဖြင့် Volnorez အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သည် ဝေဟင်မှခြိမ်းခြောက်မှုများကို သိသိသာသာ အဟန့်အတားဖြစ်စေသည်။

ဒရုန်းအများစုသည် Jammed ပြုလုပ်ခံရသည်နှင့်မြေပြင်ပေါ်သို့ ပျက်ကျခြင်းသို့မဟုတ် အချက်ပြမှုပြန်ရလာသည်ထိသို့မဟုတ် ၎င်းတို့၏စွမ်းအင်ကုန်ဆုံးသွားသည်ထိ ထိုနေရာတွင်ပင် ပျံဝဲနေကြမည်ဖြစ်သည်။

၎င်းစွမ်းရည်သည် Volnorez အီလက်ထရွန်နစ်စနစ် တပ်ဆင်ထားသောတင့်၊ သံချပ်ကာယာဉ်များအပြင် ၎င်း၏အနီးတစ်ဝိုက်ရှိ အခြားသူများကိုပါ ဒရုန်းများတိုက်ခိုက်ခြင်းမှ သိသိသာသာ ကာကွယ်ပေးနိုင်မှုရှိမည်ဖြစ်ရာ အထူးသဖြင့် ယူကရိန်းကဲ့သို့ ပဋိပက္ခဇုန်များတွင် စစ်ပွဲအလှည့်အပြောင်း ဖြစ်စေသည့် ခံစစ်စွမ်းရည်ဟု မှတ်ချက်ပြုနိုင်သည်။

Volnorez ၏ထူးခြားချက်မှာ ၎င်း၏ Jammer အင်တာနာများ၏ စွယ်စုံရမှုဖြစ်သည်။ အင်တာနာများကို သံလိုက်ဖြင့်ချိတ်ဆက်ထားသောကြောင့် ယာဉ်၏အစိတ်အပိုင်းတိုင်းနီးပါးတွင် လိုက်လျောညီထွေရှိသော တပ်ဖြန့်နေရာချထားမှုကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ထို့ပြင် Jammer အချက်ပြမှုများသည် ယာဉ်ပေါ်ရှိ အင်တာနာ၏ အနေအထားမည်သို့ပင်ရှိစေကာမူ ဒီဂရီ ၃၆၀ ပတ်လည်လွှမ်းခြုံကာကွယ်မှုကို သေချာစေသည်။

Volnorez သည် အနှောင့်အယှက်ကင်းစွာ လည်ပတ်နိုင်စေရန်အတွက် အရန်ပါဝါယူနစ် (APU) တပ်ဆင်ထားသော ယာဉ်များတွင် အဓိကတပ်ဆင်အသုံးပြုထားပြီး APU မပါဝင်သည့် T-72B3 တင့်ကားပေါ်တွင် စနစ်အတွက်အစောပိုင်းစမ်းသပ်မှုများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၎င်းသည် မတူညီသော ယာဉ်များတစ်လျှောက် တပ်ဖြန့်အသုံးပြုနိုင်ခြေရှိကာ ဘက်စုံအသုံးပြုနိုင်မည့်စနစ်လည်းဖြစ်သည်။

Volnorez jamming စနစ်၏ နိဒါန်းသည် ခေတ်သစ်တိုက်ပွဲအခြေအနေများတွင် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ၏အရေးပါမှုကို အလေးပေးဖော်ပြလျက်ရှိသည်။ ယူကရိန်း၏အခြေအနေများ ဆက်လက်တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ၎င်းသို့သော စနစ်သစ်၏ထိရောက်မှုကို ကမ္ဘာတစ်ဝန်းရှိ စစ်ရေးကျွမ်းကျင်သူများနှင့် မဟာဗျူဟာပညာရှင်များက အနီးကပ်စောင့်ကြည့်မည်ဖြစ်သည်။

**Russia Unveils Portable Tank-Mounted Drone Jammer to Counter Ukrainian Attacks ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆော်ဒီအာရေဗျအတွက် ကန်ဒေါ်လာ သန်း ၅၀၀ တန်စစ်သုံးယာဉ်ထောက်ပံ့ရေးအစီအစဉ်ကို အမေရိကန် အတည်ပြု



ဆော်ဒီအာရေဗျနိုင်ငံ၏ တိုက်ခိုက်ရေးယာဉ်များအတွက် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ပံ့ပိုးကူညီရန် အမေရိကန်ဒေါ်လာသန်း ၅၀၀ တန်စစ်သုံးယာဉ်ထောက်ပံ့ရေးအစီအစဉ်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလိုက်ပြီဖြစ်ကြောင်း ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

သဘောတူညီချက်တွင် တော်ဝင်ဆော်ဒီကြည်းတပ်မှ Abrams တင့်ကားများနှင့် Bradley တိုက်ခိုက်ရေးယာဉ်များအပါအဝင် ယာဉ်များအတွက်အပိုပစ္စည်းများ၊ အစိတ်အပိုင်းများနှင့် ပြုပြင်ရေးဝန်ဆောင်မှုများ၊ TOW ဒုံးကျည်ပစ်လွှတ်သည့်စနစ်များ၊ ရေဒါစနစ်များနှင့် ဆက်သွယ်ရေးကိရိယာများအပါအဝင် အခြားဆက်စပ်ပစ္စည်းကိရိယာများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်သည် အဓိကအားဖြင့် ဆော်ဒီအာရေဗျ၏ တင့်၊ သံချပ်ကာယာဉ်များ၏ အပိုပစ္စည်းများနှင့်ပြုပြင်ထိန်းသိမ်းမှုတို့တွင် ပံ့ပိုးကူညီရန် ရည်ရွယ်ထားကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ဖြစ်နိုင်ခြေရှိသော နိုင်ငံခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကို ခန့်မှန်းခြေ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ ပူးပေါင်းထောက်ပံ့ဆောင်ရေးအစီအစဉ် (CLSSA)၊ Foreign Military Sales Order (FMSO) II နှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချပေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ ရောင်းချမှုနှင့်ပတ်သက်၍ ကွန်ဂရက်သို့ အကြောင်းကြားရန် လိုအပ်သောအသိအမှတ်ပြုလက်မှတ်ကို ပေးပို့ခဲ့ကြောင်း ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ၎င်း၏သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

၎င်းအဆိုပြုရောင်းချမှုသည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံ တစ်နိုင်ငံအတွက် မိမိကိုယ်ကို ကာကွယ်ရေးနှင့်အရှေ့အလယ်ပိုင်းတွင် တည်ငြိမ်မှုကိုမြှင့်တင်ခြင်းဖြင့် အမေရိကန် နိုင်ငံခြားရေးမူဝါဒနှင့်အမျိုးသားလုံခြုံရေး ရည်မှန်းချက်များကို ပံ့ပိုးပေးလိမ့်မည်ဖြစ်ကြောင်း အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

ရောင်းချခြင်း၏ ရည်ရွယ်ချက်မှာ တော်ဝင်ဆော်ဒီကြည်းတပ် (RSLF) ကို ၎င်းတို့၏လက်ရှိ CLSSA ပရိုဂရမ်မှတစ်ဆင့် လိုအပ်သောအပိုပစ္စည်းများ ပြုပြင်ရေး အစိတ်အပိုင်းများကို ဆက်လက်ဝယ်ယူခွင့်ပြုခြင်းဖြင့် လက်ရှိနှင့်အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန်စွမ်းရည်ပိုင်ဆိုင်ထားစေရန်အတွက်ဖြစ်သည်။

သဘောတူညီချက်သည် အထွေထွေ ပြုပြင်ထိန်းသိမ်းမှုအတွက် လိုအပ်သော နိုင်ငံတွင်း တင့်၊ သံချပ်ကာများအတွက် ဖြည့်ဆည်းလုပ်ဆောင်ပေးမည်ဖြစ်ပြီး RSLF စက်ပစ္စည်းကိရိယာများ ရေရှည်အသုံးပြုနိုင်မှုအတွက် အာမခံချက်ပေးနိုင်လိမ့်မည်ဖြစ်သည်။ တော်ဝင်ဆော်ဒီကြည်းတပ် (RSLF)သည် ၁၉၆၅ ခုနှစ်ကတည်းက CLSSA အစီအစဉ်တွင် ပါဝင်ခဲ့သည်။

အဆိုပါအစီအစဉ်သည် အမေရိကန်နှင့်ဆော်ဒီအာရေဗျတို့ကြား ကာကွယ်ရေးဆိုင်ရာ နီးကပ်သောဆက်ဆံရေးကို ဆက်လက်ထားရှိရန် အချက်ပြနေပြီး အမေရိကန်က ဖျန်ဖြေပေးနေသော ဆော်ဒီအာရေဗျနှင့် အစ္စရေးတို့ကြား အလားအလာရှိသော ပုံမှန်ပြန်လည်ထူထောင်ရေး သဘောတူညီချက်အတွက် ဆက်လက်ညှိနှိုင်းမှု နောက်ကွယ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

သဘောတူညီချက်၏ အဓိကအစိတ်အပိုင်း သုံးခုထဲမှ တစ်ခုသည် အမေရိကန်ထံမှ ပင်လယ်ကွေ့နိုင်ငံ ဆော်ဒီအာရေဗျမှ တောင်းဆိုထားသော လုံခြုံရေးအာမခံချက်ဖြစ်သည်။ ကျန်နှစ်ခုမှာ အရပ်ဘက်သုံးနျူကလီးယားအစီအစဉ်နှင့် ပါလက်စတိုင်းအပေါ် အစ္စရေး၏လိုက်လျောမှုဖြစ်သည်။

**US approves $500m military vehicle support package for Saudi Arabia ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၃၅၄ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၃၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၈၇၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၃၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ။ လက်ရှိတော့ ၈၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၉၆၂ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

(၂၀၆)

# ဂွမြို့နယ် ကျောက်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဂွ စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျောက်ကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောက်ကြီးကျေးရွာ၌ အရှည် ပေ ၃၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅၆၀၀၀၀ အသုံးပြုကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ စီမံခန့်ခွဲမှု၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုဖြင့် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်ထိ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသန်း**

# မိုးကောင်းမြို့နယ် ထီးချိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း စက်တင်ဘာ ၂၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် ထီးချိုင့်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထီးချိုင့်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀ ကို ငွေကျပ် ၃၅၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၂၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၈၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၇၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေး

**နေပြည်တော် ဇော်တင်ဘာ ၂၈**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးနှင့် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ဂုဏ်ပြုသွေးလှူဒါန်းခြင်းများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံတို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၂၄၈ ဦးတို့က တစ်ချိန်တည်း ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၂၄၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး စက်တင်ဘာ ၂၉ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင် ၁၇၃ ဦးတို့က ဆက်လက်သွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်းသွေးလှူဒါန်းမှု ၄၂၁ ဦးရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# သတင်းမှားများကိုင်တွယ်ဖြေရှင်းရန် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဇော်တင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်အဖွဲ့အစည်း (Asia-Pacific Institute for Broadcasting Development -AIBD)တို့ ပူးပေါင်းပြီး သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"Workshop on Media Literacy to address disinformation" ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော် Horizon Lake View Hotel, State Meeting Room 2 ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Workshop Consultant Associate Professor Dr. Sara Chinnasamy နှင့် Program Manager Ms. Monica Phang၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်အဖွဲ့အစည်းများ၊ Content Provider များ၊ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း(MBA)နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရရှိလာသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး Workshop အကြံပေး ကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy က သင်တန်းဆိုင်ရာများကို ပြောကြား၍ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများကိုယ်စား မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းမှ ဦးရဲနိုင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆွေးနွေးပွဲကို တက်ရောက်လာကြသူများအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ မီဒီယာလောကတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် မီဒီယာသိနားလည်မှုနှင့် စပ်လျဉ်း၍ ပိုမိုနားလည်သဘောပေါက်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အရေးကြီးသည့်ထိုးထွင်းသိမြင်မှုများနှင့် အရေးယူဆောင်ရွက်ရမည့် အချက်များဖြစ်သည့် သတင်းပညာ၏မွမ်းမံဖွံ့ဖြိုးမှုနှင့် Content များအပေါ် တန်ဖိုးထားမှုများ၊ လိမ်လည်မှုပစ်မှတ်များ၊ ကောလာဟလသတင်းများ၊ သတင်းမှားခွဲခြားဖော်ထုတ်ရန် နည်းလမ်းများနှင့် ပင်မမီဒီယာ၏ သတင်းတင်ဆက်မှုတွင် ယုံကြည်လက်ခံလာစေရန် နည်းလမ်းများမြှင့်တင်ခြင်း စသည့်အကြောင်းအရာများကို ယခုဆွေးနွေးပွဲမှ အသားပေးဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ နှစ်ရက်တာ ဆွေးနွေးပွဲမှရရှိလာသည့် ရလဒ်များကို နေ့စဉ် အစီအစဉ်ထုတ်လုပ်ခြင်းနှင့် သတင်းတင်ဆက်ခြင်း စသည့်လုပ်ငန်းခွင်များအတွက် ထိထိရောက်ရောက်အသုံးပြုနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိပါကြောင်း၊ နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ဆွေးနွေးပွဲမျိုးကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် AIBD တို့ အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် Workshop အကြံပေး ကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy က တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလွှာများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က Workshop အကြံပေး ကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy နှင့် Program Manager Ms. Monica Phang တို့ကို ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တာဝန်များနှင့် သက်ဆိုင်ရာနယ်ပယ်များနှင့် ဆက်သွယ်မှုများ ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ မြင့်မှူးမောင်နိုင်မိုးကိုလည်းကောင်း၊ သတင်းထုတ်ပြန်ရေးကန့်သတ်ချက်များနှင့် အစိုးရနှင့် ပုဂ္ဂလိကမီဒီယာများ၏ ကိုယ်ပိုင်သတ်မှတ်ချက်များ ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ Forever Group မှ အထွေထွေမန်နေဂျာ ဦးကျော်ကျော်ကိုလည်းကောင်း၊ ကန့်သတ်ချက်များကို ရင်ဆိုင်ဖြေရှင်းခြင်း ခေါင်းစဉ်နှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးသူ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံကိုလည်းကောင်း အမှတ်တရလက်ဆောင်များ ချီးမြှင့်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် AIBD ၏ တင်းပြည့်အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ် ဂူလိုင် ၂၉ ရက်က ဝင်ရောက်ခဲ့ကာ ဒေသတွင်းနိုင်ငံများနှင့် မီဒီယာကဏ္ဍဆက်ဆံရေးနယ်ပယ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ရုပ်သံမီဒီယာများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများကို ယခုကဲ့သို့ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စက်တင်ဘာ ၂၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

**နေပြည်တော် ဇော်တင်ဘာ ၂၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၈၆ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်တိုင်း စစ်ဌာနချုပ်၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် အသင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းစီတို့ဖြင့် စက်တင်ဘာ ၁၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက်မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ တိုင်းစစ်ဌာနချုပ် မိုးလုံလေလုံအားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့၊ မော်လမြိုင်မြို့၊ လှည်းကူးမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၇၆ ပါးတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂) ရပ်ကွက်ရှိ မြို့မကျောင်းတိုက်မှ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူတို့ကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ပေါက်ကျောင်းတိုက်ရှိ သံဃာတော် ၄၄ ပါးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဖရုံစုကျေးရွာနှင့် ဖဲခမဲကျေးရွာ၊ ကျောက်တန်းမြို့နယ်ရှိ ရွှေပြည်သာရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၄၁၃ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၄၇၄ ဦးတို့ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာအသီးသီး၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များကို နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသားအမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားသမားများ၏ အားကစားအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် အောက်တိုဘာ ၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပစဉ်။

# ၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)ဖွင့်ပွဲ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သရဖီဆောင် အနုပညာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် မျိုးဆက်သစ်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။



# နမ့်ခမ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များတပ်ဆင်အပ်နှင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများပေးအပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များအပ်နှင်းပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်အပ်နှင်းခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်က လက်နက်များ တပ်ဆင်ပေးရသည့် ရည်ရွယ်ချက်၊ ရိက္ခာများထောက်ပံ့ပေးအပ်မည့် အစီအစဉ်များ၊ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များ အပ်နှင်းပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဝိတ်တန်းအလိုက် ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

## ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအား ဆွမ်းလောင်းလှူပွဲပြုလုပ်



သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများက သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအား ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဘုရားကြီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့်ဆွမ်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘုရားကြီးအား မျက်နှာတော်သစ် ရေသပ္ပာယ်ပြီး ရွှေသင်္ကန်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများက ဆွမ်းလောင်းလှူပွဲသို့ ကြွရောက်လာသည့် သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင် စုစုပေါင်း အပါး ၂၀၀ တို့ကို ဆွမ်းတော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့မွန်းလွဲပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDFအဖွဲ့မှ အလင်းဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှုစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၉-၉-၂၀၂၃ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ဝ၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁း၅၀ | Keep it Nature |
| ၃။ | ၁၆း၂၀ | I Music |
| ၄။ | ၁၈း၂၀ | ဂုဏ်ယူအလွမ်း |
| ၅။ | ၂၁း၄၀ | ဇာတ်လမ်းအသွင် တေးသံစဉ် |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Mee Mee” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန်းသီတာကျေးရွာနေ ဥမ္မာလွင်(ခ)မီးမီးကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Myint Myat Thu” Facebook အကောင့်နှင့် “Tun Tun Lat” Facebook အကောင့်ပိုင်ရှင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ မြင့်မြတ်သူနှင့် ထွန်းထွန်းလတ်တို့ နှစ်ဦးကို ည ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တောင်အာဖရိကနိုင်ငံ ဝက်စတန်းကိပ်နယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၁ ဦးသေဆုံး



**ပရီတိုးရီးယား အောက်တိုဘာ ၂၈**

တောင်အာဖရိကနိုင်ငံ ဝက်စတန်းကိပ်နယ်မြေတွင် စက်တင်ဘာ ၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၁ ဦးသေဆုံးကာ လမ်းမကြီးတချို့ ပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေသည်ဟု ဝက်စတန်းကိပ်နယ်မြေအာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဝက်စတန်းကိပ်နယ်မြေရှိ ကိပ်တောင်းမြို့တွင် ဒေသခံ ၁၁ ဦး သေဆုံးခဲ့ပြီး မြေပြိုကျမှုများလည်း ဖြစ်ပေါ်နေသည့်အတွက် သေဆုံးသူဦးရေမြင့်တက်လာဖွယ်ရှိနေကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းအမြောက်အမြား ပျက်စီးခဲ့ရပြီး အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့သည့်အတွက် စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားကြောင်း ဝက်စတန်းကိပ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၁ ယောက် ရှိနေပါပြီ။ သေဆုံးသူ ၁၁ ယောက်အနက် ရှစ်ယောက်က ဓာတ်လိုက်သေဆုံးခဲ့တာဖြစ်ပါတယ်။ ဓာတ်လိုက်ရတဲ့အဓိက အကြောင်းရင်းကလဲ တရားမဝင် မီးသွယ်ထားတဲ့ကြိုးတွေကနေ ဓာတ်လိုက်ခဲ့တာဖြစ်ပါတယ်။ အခြေခံမူလတန်းကျောင်းမှာလဲ ကျောင်းသား၊ ကျောင်းသူ ၇၂ ယောက်ထိ ကျောင်းထဲမှာ ပိတ်မိနေလို့ ကယ်ဆယ်ရေးဝန်ထမ်းတွေက အရေးပေါ်အခြေအနေနဲ့ကယ်ထုတ်ပေးခဲ့ရတယ်။ လီရှောင်မြစ်ရေလျှံတက်မှုကြောင့်လဲ ရေကြီးရေလျှံမှုအခြေအနေက ပိုဆိုးသွားခဲ့တာဖြစ်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ဒေသခံတွေကို ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်။ ဒီရက်ပိုင်းအတွင်းတော့ စာသင်ကျောင်းတွေကို ယာယီပိတ်ထားမှာဖြစ်ပါတယ်" ဟု ဝက်စတန်းကိပ်နယ်မြေအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးဝန်ထမ်းများက ရေကြီးရေလျှံမှုကြောင့် နေအိမ်အတွင်းပိတ်မိနေသော ဒေသခံများကို ရှာဖွေကယ်ထုတ်မှုများ ပြုလုပ်ပေးလျက်ရှိပြီး ဒေသခံတချို့ကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**Ref : The Star**
**Trs : Sai Sat**

# နေပယ်မြို့ရှိ မောင့်ဗီဆူဗီးယက်စ်မီးတောင် ပေါက်ကွဲမည့်လက္ခဏာများ ဖြစ်ပေါ်လာ

**ရောမ အောက်တိုဘာ ၂၈**

အီတလီနိုင်ငံ နေပယ်မြို့တွင် စက်တင်ဘာ ၂၇ ရက်က ပြင်းအား ၄ ဒသမ ၂ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် နေပယ်မြို့အနီး ကမ်ပီဖလီဂရီနယ်မြေအတွင်းရှိ မောင့်ဗီဆူဗီးယက်စ်မီးတောင်ပေါက်ကွဲမည့် လက္ခဏာဖြစ်ပေါ်လာသည်ဟု ဘူမိရူပနှင့် မီးတောင်ဆိုင်ရာအမျိုးသားအင်စတီကျူက ယနေ့တွင် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြေငလျင်သည် ပြီးခဲ့သည့်ရက်ပိုင်းကလည်း နေပယ်မြို့အနီး လှုပ်ခတ်မှု အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီးနောက် မောင့်ဗီဆူဗီးယက်စ်မီးတောင်သည် နှစ်ပေါင်း ၄၀ အတွင်း အပြင်းထန်ဆုံး သက်ဝင်လှုပ်ရှားမှုဖြစ်ပေါ်လာခဲ့ကြောင်း၊ မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင်သောဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီး မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားလာခဲ့ပါက လူဦးရေသန်းနှင့်ချီ၍ သေဆုံးနိုင်သည့်အခြေအနေဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုမှာ ချက်ချင်းဖြစ်ပေါ်လာနိုင်သည့်အခြေအနေ မဟုတ်သော်လည်း လာမည့်ရက်ပိုင်းအတွင်း ပေါက်ကွဲသွားနိုင်သည့်လက္ခဏာဖြစ်ကြောင်း ဘူမိရူပနှင့် မီးတောင်ဆိုင်ရာ အမျိုးသားအင်စတီကျူမှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"လတ်တလောမှာတော့ မြေငလျင်အန္တရာယ်ကိုကြောက်လန့်နေရတဲ့အခြေအနေပါ။ မြေငလျင်အန္တရာယ်ကြောင့် ပျက်စီးမှုတွေ ရှိလာနိုင်တယ်။ မြေငလျင်လှုပ်ခတ်မှုကြောင့် မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှုနှုန်းက အမြင့်ဆုံးအခြေအနေကို ရောက်နေတယ်။ လာမဲ့ရက်ပိုင်းအတွင်း မီးတောင်ပေါက်ကွဲမဲ့လက္ခဏာတွေ မြင်တွေ့နေရတယ်။ ဒေသခံတချို့ကိုတော့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ညွှန်ကြားထားပြီးဖြစ်ပါတယ်"ဟု ကမ်ပီဖလီဂရီနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒီနာတာလီက ပြောကြားခဲ့သည်။

ကမ်ပီဖလီဂရီနယ်မြေတွင် မီးတောင်ပေါက်ကွဲမှုအနေဖြင့် ၁၉၈၀ ပြည့်နှစ်က နောက်ဆုံးဖြစ်ပေါ်ခဲ့ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံလူဦးရေ ၄၀၀၀၀ ထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကာ ကာလတစ်ခုကြာမြင့်သည်ထိ ဒေသခံများမှာ ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ခဲ့ရကြောင်း၊ ကမ်ပီဖလီဂရီနယ်မြေတွင် နေထိုင်သည့်ဒေသခံမှာ စုစုပေါင်း ဦးရေ ၈၀၀၀၀ ကျော်ထိ ရှိနေကြောင်း သိရသည်။

**Ref : GMA**
**Trs : Sai Sat**

# ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောဒေသရှိ လူဦးရေငါးသိန်းခန့် ယခုနှစ်အတွင်း မိုးခေါင်ရေရှားမှု ဆိုးရွားစွာကြုံတွေ့ရနိုင်

**ဘရာစီးလီးယား အောက်တိုဘာ ၂၈**

ဘရာဇီးနိုင်ငံ မိုးသစ်တောဒေသအတွင်းရှိ လူဦးရေ ငါးသိန်းခန့်သည် ယခုနှစ်အတွင်း မိုးခေါင်ရေရှားမှု ဆိုးရွားစွာကြုံတွေ့ရနိုင်ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

အမေဇုန်မိုးသစ်တောအတွင်း မိုးခေါင်မှုကြောင့် မြစ်ရေသည် ဆိုးရွားစွာကျဆင်းလျက်ရှိရာ ဒေသခံအများအပြားသည် စားနပ်ရိက္ခာနှင့် ရေကဲ့သို့ မရှိမဖြစ်လိုအပ်သောပံ့ပိုးရေးပစ္စည်းများ လက်လှမ်းမီရန် ရုန်းကန်နေရပြီး မြစ်ကမ်းစပ်တွင် နေထိုင်ကြသော ဒေသခံအများစုအတွက် စားဝတ်နေရေးလုပ်ငန်းတစ်ခုဖြစ်သော ငါးဖမ်းလုပ်ငန်းကို ထိခိုက်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးအစိုးရအနေဖြင့် အမေဇုန်ပြည်နယ် သဘာဝပတ်ဝန်းကျင်အရေးနှင့်ပတ်သက်သော အရေးပေါ်အခြေအနေတစ်ရပ်ကို လွန်ခဲ့သည့် နှစ်ပတ်ခန့်ကပင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၀ တန်ကြေးရှိ တုံ့ပြန်ရေးအစီအစဉ်တစ်ခုကို စတင်ဆောင်ရွက်လျက်ရှိကာ သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် ဒေသခံများအတွက် အစားအစာနှင့် ရေပံ့ပိုးမှုများအပြင် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများကိုလည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်မြို့ပြကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။



အဆိုပါဒေသတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှု ပိုမိုကြာရှည်ပြင်းထန်လာမည်ဟု ပြည်နယ်မြို့ပြကာကွယ်ရေးဌာနက ခန့်မှန်းထားကြောင်း၊ ပြည်နယ်၏ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော မနာစ်မြို့၏ မြစ်ရေသည် စက်တင်ဘာ ၂၆ ရက်က ၅၅ ပေသာရှိပြီး ယခင်နှစ်ကာလတူကထက် ပေ ၂၀ ခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

**Ref : Quartz**
**Trs : AZH**

# ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးငွေ့များဖုံးလွှမ်းနေ

**ကင်ဘာရာ အောက်တိုဘာ ၂၈**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် သစ်တောကြိုးဝိုင်းဧရိယာမှာ ဧက ၉၅၀ ထိရှိနေရာ အဆိုပါတောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသော မီးခိုးငွေ့များသည် ဘရစ္စဘိန်းမြို့ကို ဖုံးလွှမ်းနေသည်ဟု ဘရစ္စဘိန်းမြို့ အာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြက်ခင်းပြင်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်အတွက် တောမီးမှာ အချိန်တိုအတွင်း အရှိန်ပြင်းထန်ခဲ့ခြင်းဖြစ်ပြီး မီးခိုးငွေ့အမြောက်အမြားထွက်ပေါ်နေခြင်းဖြစ်ကြောင်း၊ ကွင်းစလန်း မီးသတ်တပ်ဖွဲ့နှင့်အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့အစည်းကလည်း ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ညွှန်ကြားထားကြောင်း သိရသည်။

"ဘရစ္စဘိန်းမြို့အနီးမှာ တောမီးပြင်းထန်စွာ လောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှုအရှိန်ပြင်းထန်နေပြီး နေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဟာ ဘရစ္စဘိန်းမြို့တစ်မြို့လုံးကို ဖုံးလွှမ်းနေတယ်။ လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် ဒေသခံတွေအနေနဲ့ နေအိမ်အတွင်းမှာပဲနေသင့်တယ်။ မလိုအပ်ဘဲ အပြင်ကိုသွားလာတာမျိုးမလုပ်ဖို့နဲ့ မဖြစ်မနေသွားရမယ်ဆိုရင်လဲ Mask တွေ တပ်သွားသင့်ပါတယ်"ဟု ကွင်းစလန်း မီးသတ်တပ်ဖွဲ့နှင့်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : WA Today**
**Trs : Sai Sat**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။




၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



0w Mfw d @

# အမေ့မျက်ရည်

စစ်ရင်သွေး(ပန်းတောင်း)



(၁)

ရေကြည်ချောင်းသည် ရွာနှင့် သုံးမိုင်ခန့်ဝေးသည်။ ငါးအလွန်ပေါသောချောင်းဖြစ်သည်။ ထို့ပြင် ဧရာဝတီမြစ်ကြီးအတွင်း စီးဝင်သောရိုးချောင်းတစ်ခုလည်းဖြစ်သည်။ ပိတ်ပါးထောင်သူ၊ ကွန်ပစ်သူ၊ ငါးစမ်းသူများနှင့် အလွန်စည်ကားသော ချောင်းတစ်ခုလည်းဖြစ်သည်။

“မြန်မြန်လျှောက်ကွ”

ငါးဖမ်းပိုက်ကွန်ကို ပခုံးတွင်ထမ်းလျက် ပုဆိုးခါးပိုက်အတွင်း၌ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော ထမင်းကြမ်းခဲနှင့် ငါးကြော်ကို နှိုက်ယူစားရင်း စကားဆိုသူ ကျွန်တော်၏အစ်ကို ကိုလှမြင့်ဖြစ်သည်။

(၂)

အစ်ကိုနှင့်ကျွန်တော့်ကြားတွင် အစ်မနှစ်ဦးရှိသည်။ အစ်ကိုဖြစ်သူနှင့်ကျွန်တော်မှာ အသက် ၁၄ နှစ်ကွာသည်။ အစ်ကိုဖြစ်သူကား အသက် ၂၀ ရှိပြီဖြစ်သည်။ ကျွန်တော်သည် ရှေ့ကသွားသောအစ်ကိုဖြစ်သူနောက်သို့ ခပ်သုတ်သုတ်လိုက်ရသဖြင့် ငါးပလုံးကတစ်ဖက်၊ ထမင်းထုပ်ကတစ်ဖက်နှင့်ဖြစ်နေသည့်အပြင် လမ်းလျှောက်ရင်း ထမင်းစားနေရသောကြောင့် ခရီးမတွင်ဖြစ်နေသည်။ နံနက်လေးနာရီကျော်ကျော် အချိန်ဖြစ်သောကြောင့် အမှောင်ရိပ်က ကြီးစိုးနေဆဲဖြစ်သည်။ ငါးပလုံးလွယ်ကာ ခလုတ်တိုက်လိုက်၊ လဲမလိုဖြစ်လိုက်နှင့် ကျွန်တော်တစ်ယောက်တည်း ဗျာများနေသည်။ ထို့ပြင် နောက်ကခပ်သုတ်သုတ် ပြေးလိုက်နေရသောကြောင့် နံနက်စာ အဆာပြေ ထမင်းကြမ်းခဲနှင့်ငါးကြော်၏အရသာကိုပင် ကောင်းစွာမခံစားမိတော့ပေ။ မိုးရွာထားသောကြောင့်လည်း လမ်းတွင်ရွှံ့များရှိနေ၍ ခြေထောက်တွင် ကပ်ငြိပေကျံကုန်တော့သည်။

“အသက်က ခြောက်နှစ်ရှိပြီဖြစ်သော်လည်း အမေက ကျောင်းမနေချင်ရင် နင့်အစ်ကို ကွန်ပစ်သွားတဲ့နောက် ငါးပလုံးလွယ်ပြီး ငါးဖမ်းလိုက်”ဟု ပြောခဲ့သည်။

ကျောင်းတက်ရန် အကြိမ်ကြိမ်ပြောခဲ့သော အမေ့စကားကို ပြန်ကြားယောင်လျက် အခုတော့ဖြင့် တကယ့်ကို အစ်ကို့နောက်ငါးဖမ်းလိုက်လာမိသည်။ အစ်ကိုဖြစ်သူမှာ ပိုက်ကွန်ဖူးကြီးအစကို သူ၏ညာဘက်လက်ကောက်ဝတ်တွင် ကွင်းလုပ်၍စွပ်လိုက်သည်။ နှစ်ပိဿာခွဲခန့် အလေးချိန်ရှိသော ခဲသီးများတပ်ဆင်ထားသည့် ခုနစ်တောင်ရှိ ပိုက်ကွန်ကိုစုကိုင်၍ ဘယ်ညာလက်နှစ်ဖက်ဖြင့် ခွဲမျှကိုင်ကာ ကွန်တစ်စကို ဖူးကြိုးစွပ်ထားသော ညာဘက်တံတောင်ဆစ်တွင် ချိတ်တင်ပြီး ပစ်ရန်အသင့်အနေအထား ဟန်ပါပါဖြင့် ချောင်းရေကို စူးစိုက်ကြည့်ကာ ငါးပွက်ကြီးကြီးကို စောင့်ကြည့်နေ၏။ ငါးပွက်ကြီးတွေ့မှ ငါးကြီးအုပ်မိပေလိမ့်မည်။

“ဟေ့ကောင် ငါ့အနား သိပ်မကပ်နဲ့ကွ။ ခပ်ခွာခွာကလိုက်။ လွဲပစ်လိုက်လို့ ခဲသီးနဲ့ရိုက်မိမယ်”

အစ်ကိုဖြစ်သူ၏ နားဝင်မချိုလှသော ခပ်မာမာလေသံကြောင့် ကျွန်တော်ဘာမျှပြန်မပြောဘဲ နောက်ဆုတ်ပေးလိုက်သည်။ ဖိနပ်မပါသောခြေထောက်မှာ ထိကရုံးပင်များ၏ စူးရှမှုဒဏ်ကြောင့် စပ်ဖျဉ်းဖျဉ်းနှင့် အခံရခက်နေသည်။ လူတကာလျှောက်ထားသော လမ်းဖြစ်သောကြောင့် ရွှံ့ဗွက်ထနေသည်မှာကား စွတ်တီးစွတ်စိုနှင့် စိတ်ပျက်ဖွယ်ဖြစ်နေပြန်သည်။

“ဗွမ်း”

ကွန်ပစ်လိုက်လေပြီ။

“အပိုင်တော့ အုပ်လိုက်ပြီဟေ့”

“ဝုန်း”

“ဟာ ကွန်ဖူးကြိုးထိပ် တက်ဆောင့်ပြီဟ။ ငါးရံ့ကြီးလားမသိဘူး”

အစ်ကိုဖြစ်သူကို အလိုလိုမှကြောက်ရသောကြောင့် သူပြောသမျှကို ပြန်လည်မထောက်ခံမိပေ။ ငြိမ်ဖြီးသာ ကြည့်နေရသည်။ အစ်ကိုသည် တဖြည်းဖြည်း တစ်ရစ်ချင်းကွန်ကို ချောင်းကမ်းပေါ်သို့ ဆွဲတင်နေသည်။ အစ်ကို့မျက်နှာမှာ ပြုံးယောင်သန်းသကဲ့သို့ မေးကြောများလည်း ထောင်လာသည်။ ဖြည်းဖြည်းချင်း အသာအယာဆွဲတင်နေသည်။ နွံဆေးသည့်သဘောနှင့် ကွန်ကို ချောင်းရေတွင် မြှုပ်ချည်ဖော်ချည် နှစ်ချက်ဆောင့်၍ ဆေးလိုက်သေးသည်။ ကုန်းပေါ်သို့ ရောက်သောအခါ ပိုက်ကွန်အတွင်း၌ ငါးဖန်းမ၊ ငါးနုသန်း၊ ငါးစင်ရိုင်း ငါးများမှာ ဖွေးဖွေးလှုပ်ပါလာကြသည်။ ဖျပ်ဖျပ်လူးခုန်နေကြသည်။ ၅၀ သားခန့်ရှိ ငါးရံ့ကြီးတစ်ကောင်မှာ ထခုန်ရန်အတွက် အားယူနေသည်လားမသိ။ ကွေးလျက်အနေအထားနှင့် အသာငြိမ်၍နေသည်။

“ဟေ့ကောင် ပေး ပလုံးတောင်း”

မာဆတ်ဆတ်လေသံဖြင့် အော်ပြောသံကြောင့် ကျွန်တော်ကြောက်စိတ်ဝင်လာမိသည်။ ထို့နောက် အစ်ကိုသည် ဦးစွာငါးရံ့ကိုယူ၍ သူ၏ပုဆိုးခါးပိုက်ထောင်အတွင်းသို့ ထည့်သည်။ ကျန်ငါးများကို လျင်မြန်စွာဖြုတ်ယူပြီး ပလုံးတောင်းအတွင်းသို့ထည့်လိုက်သည်။ ပလုံးကိုလှုပ်၍ ငုံ့ကြည့်ပြီး-

“ရော့ ပလုံးကို သေချာလွယ်ထား။ မမှောက်စေနဲ့။ မှောက်ရင် သေဖို့သာပြင်ထား”

ကျွန်တော် ကြည်လင်မှုမရှိသောမျက်နှာဖြင့် အစ်ကိုဖြစ်သူကို ကြည့်နေမိသည်။ အပြစ်မရှိဘဲ ဆူငေါက်ခံနေရသည်။ အစ်ကိုဖြစ်သူသည် ရှေ့ဆက်သွားပြီး ငါးပွက်ရှာနေပြန်သည်။ နေမင်းကြီး အပူရှိန်ကြောင့် မွန်းတည့်လုနီးပါးရှိကြောင်း ကျွန်တော်ကောင်းစွာသိလိုက်သည်။ ငါးရှာသည့်လူများရှင်းနေသည့် ချောင်းကွေ့အရောက်တွင် အစ်ကိုရပ်လိုက်၏။ ကွန်ကိုအားနှင့်လွှဲ၍ ပစ်ချလိုက်သည်။ ကွန်ရေထဲကျသွားပုံက ဝိုင်းဝိုင်းလေး။ ဝိုင်းဆို အိမ်နောက်ဖေးတလင်းပြင်မှာ ကွန်ပစ်ကျင့်နေတဲ့သူပဲလေ။

“ဒီလောက်တော့ ရှိပေမှာပေါ့”ဟု ကျွန်တော်တွေးလိုက်မိသည်။

“ဝုန်း”

ကွန်ပစ်ပြန်လေပြီ။ ငါးပွက်တွေ့လို့ပဲလား။ ရမ်းပစ်လားမသိ။ ဟိုဘက်ကမ်းတွင်လည်း လူစည်ကားလှသည်။ အမျိုးသမီးများက ထိုင်စင်လေးများပေါ်မှ သီချင်းလေးတအေးအေးဖြင့် ပိတ်ပါးဆွဲနေကြသည်။ ငါးနုပ်အသေးအဖွဲလေးများ ရကြသည်။ အချို့ကား ယင်းတန်းဖြင့် တက်ငါးကို မျှားထောင်ကြသည်။ တောဓလေ့သဘာဝ ပျော်စရာကောင်းလှသည်။ ခပ်လှမ်းလှမ်းတွင်မြင်တွေ့နေရသော ရေကြည်ချောင်းရွာ မူလတန်းကျောင်းကလေး၏ နိုင်ငံတော်အလံမှာ လေတွင်တလူလူလွင့်လျက် ကျောင်းသား၊ ကျောင်းသူလေးများ၏စာအံသံများမှာ မကြားတစ်ချက်၊ ကြားတစ်ချက် ကောင်းကင်တွင် လွင့်ပျံ့နေသည်။

“ဟေ့ကောင် ဘာတွေငေးနေတာလဲ လာ ငါးဖြုတ်။ ငါ တယ်. . . ဒီကောင်တော့”

ရုတ်တရက် အော်သံကြောင့် ကျွန်တော်လန့်သွားသည်။ ငါးစင်ရိုင်းတွေ အများကြီးမိနေပြီ။ ခက်ပြီ၊ ငါးစင်ရိုင်းအုပ်ကိုမှ မိရက်လေခြင်း။ ဆူးတောင်သုံးချောင်းပါသော ငါးစင်ရိုင်းမှာ ဖြုတ်ရအလွန်ခက်သည်။ ပိုက်ကွန်ပြလျှင်လည်း အဆူခံရမည်။ ငါးဖြုတ်တာကြာတော့လည်း အရိုက်ခံရဦးမည်။

“တော်ပြီဗျာ မလုပ်တတ်တော့ဘူး။ အိမ်ပဲပြန်တော့မယ်”

“ဘာကွ အိမ်ပြန်မယ်ဟုတ်လား။ အစက မင်းဘာလို့လိုက်လာသလဲ။ ကျောင်းထားတော့ ကျောင်းမတက်ချင်တဲ့ကောင်။ လုပ် အခုငါးဖြုတ်”

“ဟီး ဟီး မဖြုတ်ဘူး။ အိမ်ပြန်မယ်ဗျာ”

“ကျွန်တော် အော်ဟစ်ငိုယိုလျက် ပလုံးကိုလွှင့်ပစ်ခဲ့ပြီး ရွာသို့အပြေးပြန်လာသည်။

“ဟေ့ကောင်ကလေး အိမ်ကို တည့်တည့်မတ်မတ် တန်းပြန်နော်”

ချောင်းကမ်းမှာ ငါးဖြုတ်ရင်း လှမ်းအော်လိုက်သော အစ်ကိုလှမြင့်၏အသံကိုကြားရသော်လည်း ကျွန်တော်ပြန်၍ပင် လှည့်မကြည့်တော့။

(၃)

“ဟယ် သားထွေး လူလေး။ အစ်ကိုက ဘယ်ကျန်ခဲ့သလဲ။ မျက်ရည်တွေနဲ့ပါလား။ ခေါင်းတွေလဲပူလို့”

အမေက ကျွန်တော့်ခေါင်းမှ ဝါးခမောက်ကလေးကို ချွတ်၍ ယပ်ခတ်ပေးရင်း ကျန်လက်တစ်ဖက်နှင့် နားထင်မှစီးကျလာသော ချွေးတို့ကို အသာအယာ သုတ်ပေးရင်းပြောလေသည်။

“အစ်ကိုက ဆူလိုက်ပြန်ပြီမို့လား ဟင် သား။ သူက သူ့လိုမလုပ်နိုင်ရင် စိတ်မရှည်ဘူး လူလေးရဲ့။ သားက ငယ်သေးတာကိုး။ ဘယ်လုပ်တတ်ပါ့မလဲကွယ်”

“အမေရာ ငါးတွေက ငါးစင်ရိုင်းတွေအများကြီးပဲမိတာ၊ ဆူးတွေနဲ့။ လက်ကိုတောင်စူးလို့ နာလိုက်တာ အမေရယ်။ သားမှမဖြုတ်တတ်တာ။ ဒါကြောင့် အိမ်ကိုပြန်လာတာ”

“အဲဒါတွေမလုပ်ရအောင် သားကိုကျောင်းတက်ပါလို့ အမေပြောတာပေါ့။ သားက ငါးရှာလိုက်မယ်ဆိုတော့ ဘယ်လိုလဲဆိုတာသိရအောင် အမေက ထည့်လိုက်တာ။ ကဲ အခုသိပြီမို့လား”

မေတ္တာဓာတ်ပြည့်ဝနေသော မိခင်ဖြစ်သူ စကားကြောင့်-

“တော်ပြီအမေ သား သူနဲ့ဆိုဘယ်မှမလိုက်တော့ဘူး။ အဆူပဲခံနေရတာ။ ငါးရှာလဲမလိုက်တော့ဘူး။ သူခေါ်ရင်လဲ သားကိုမထည့်ပါနဲ့နော် အမေ။ သား ကျောင်းပဲတက်တော့မယ်”


“အမယ်လေး ဝမ်းသာလိုက်တာတော်။ ငါ့သားလေးကျောင်းတက်မယ်။ မနက်ဖြန် ရေကြည်ချောင်းရွာ မူလတန်းကျောင်းကို အမေကိုယ်တိုင်ကျောင်းလိုက်အပ်ပေးမယ်။ ငါ့သားလေး ရေကြည်ချောင်းရွာလေးရဲ့ ကျောင်းတက်ခေါင်းလောင်းသံလေးကို ကြားရတော့မယ်။ ပျော်လိုက်တာ”

❖ “အမယ်လေး ဝမ်းသာလိုက်တာတော်။ ငါ့သားလေးကျောင်းတက်မယ်။ မနက်ဖြန် ရေကြည်ချောင်းရွာ မူလတန်းကျောင်းကို အမေကိုယ်တိုင်ကျောင်းလိုက်အပ်ပေးမယ်။ ငါ့သားလေး ရေကြည်ချောင်းရွာလေးရဲ့ ကျောင်းတက်ခေါင်းလောင်းသံလေးကို ကြားရတော့မယ်။ ပျော်လိုက်တာ” ထို့နောက် အမေသည် ကျွန်တော့်ကို တင်းကျပ်စွာပွေ့ဖက်ထားရင်းဖြင့် မျက်ရည်များစီးကျနေသည်ကို တွေ့ရသောအခါ ကျွန်တော် ကျောင်းမတက်ချင်ကြောင်း ပြောခဲ့သောနေ့က အမေ ဝမ်းနည်းမျက်ရည်ကျခဲ့ရသဖြင့် ကျွန်တော် နောင်တရမိသည်။ ❖

ထို့နောက် အမေသည် ကျွန်တော့်ကို တင်းကျပ်စွာပွေ့ဖက်ထားရင်းဖြင့် မျက်ရည်များစီးကျနေသည်ကို တွေ့ရသောအခါ ကျွန်တော်ကျောင်းမတက်ချင်ကြောင်း ပြောခဲ့သောနေ့က အမေဝမ်းနည်းမျက်ရည်ကျခဲ့ရသဖြင့် ကျွန်တော်နောင်တရမိသည်။ သို့သော် ယခုအခါ ကျသောမျက်ရည်သည် ပီတိမျက်ရည်ဖြစ်သည်ဟု သိရသောအခါ ကျွန်တော် ဝမ်းသာခဲ့ရပါတော့သည်။

# စင်ပေါ်ကစာအုပ်များ (၁၄)

မန်းတင့်မော်




စင်ပေါ်ကစာအုပ်များကိုတင်ပြခဲ့ရာတွင် အက်ဆေးစာအုပ်များ အများစုဖြစ်ပါသည်။ ယခုဆွဲထုတ်မိသောစာအုပ်မှာ ဆရာအောင်သင်း၏"သူ့အတွေးကိုယ့်အမြင်"ဆောင်းပါးများ စုစည်းမှုစာအုပ်ဖြစ်နေပါသည်။ ဆရာအောင်သင်းဟုဆိုလိုက်လျှင် လူငယ်များအတွက် ဦးတည်ဟောပြောခဲ့သူ ဆရာတစ်ဦးအဖြစ် အသိများပါသည်။ လူငယ်များအတွက် ဘဝလမ်းညွှန်စာကောင်းပေမွန်များစွာကိုလည်း ရေးသား၍စာအုပ်ပေါင်းများစွာကို ရေးသားထုတ်ဝေခဲ့ပါသည်။ တက္ကသိုလ်ဆရာတစ်ဦးအဖြစ် နှစ်ပေါင်းများစွာ စာပေပို့ချသင်ကြားပေးခဲ့သူအဖြစ်လည်း ထင်ရှားပါသည်။ မဂ္ဂဇင်းများစွာထုတ်ဝေခဲ့ချိန် (တချို့ကဝတ္ထုတိုရွှေခေတ်ဟုဆိုပါသည်) ၁၉၈၀-၁၉၈၅ ခုနှစ် တစ်ဝိုက်ဆီက မဂ္ဂဇင်းဝတ္ထုတိုများထဲမှ လစဉ်အကြိုက်ဆုံးဝတ္ထုတစ်ပုဒ်ဆီ ရွေးထုတ်အကဲဖြတ်ခဲ့သူမှာ ဆရာအောင်သင်းပင်ဖြစ်သည်။ စာပေချစ်မြတ်နိုးသူများသာမက ပညာရှင်များပါ လစဉ်စောင့်၍ ဖတ်ရှုခဲ့ကြသော ကဏ္ဍတစ်ရပ်ဖြစ်ခဲ့ပါသည်။ ဆရာရေးသားခဲ့သော စာအုပ်ပေါင်းများစွာထဲမှ ယခုတင်ပြမည့်စာအုပ်မှာ တစ်မူထူးပါသည်။

ထူးခြားသည်ဟုဆိုလိုက်ရခြင်းမှာ ဆရာ၏အခြားစာအုပ်များကဲ့သို့ လူငယ်အသားပေးဆောင်းပါးများ၊ စာပေဆိုင်ရာဆောင်းပါးများနှင့် မြန်မာစာပေလောကကို အကဲဖြတ်ချက်များမဟုတ်ဘဲ နီတိနှင့်အဆိုအမိန့်အတွေးများစွာကို ဆရာကသူမြင်သလို တိုတိုတုတ်တုတ်တင်ပြထား၍ဖြစ်ပါသည်။ ဤနေရာတွင်စာကတိုသော်လည်း တုတ်ခိုင်မြင့်မားသော အတွေးစများကို ကျယ်ပြန့်သောအမြင်ဖြင့် ရှုမြင်သုံးသပ်ထားသည်ဟု ဆိုချင်ပါသည်။ ဆရာမြင်သောအတွေး နီတိအဆိုအမိန့်ပေါင်း ၇၃ ပုဒ်ပါဝင်လျက်ရှိရာ အလွန်ပင်ကျေးဇူးပြုနိုင်သော စာအုပ်တစ်အုပ်ဟု အခိုင်အမာဆိုချင်ပါသည်။ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပညာရှင်များစွာ၏ အတွေးများဖြစ်ပါသည်။ အရပ်လေးမျက်နှာ ဘာသာစကားမတူ စာပေပုံသဏ္ဌာန်ကွဲပြား တွေးရှုဆင်ခြင်ပုံ ခြားနားချက်များကို ဆရာအောင်သင်းက ကြည့်မြင်ပုံအမျိုးမျိုးဖြင့် စာဖတ်သူကို ကမ္ဘာ့အရပ်ရပ်သို့ ခေါ်ဆောင်သွားနိုင်သည်ဟု ယူဆမိပါသည်။

စာအုပ်တစ်အုပ်ကိုဖတ်မည်ဆိုလျှင် အမှာစာက အလွန်အရေးပါပါသည်။ အများအားဖြင့်စာအုပ်ရေးသူထက် စာပေဝါစာပေသက်ကြီးသူများ သို့မဟုတ် အယ်ဒီတာ၊ တည်းဖြတ်သူနှင့် ထုတ်ဝေသူများက ရေးလေ့ညွှန်းလေ့ရှိပါသည်။ စာရေးသူကိုယ်တိုင်လည်း အမှာစာရေးသည်များလည်းရှိသည်။ ယခုစာအုပ်တွင် စာရေးသူဆရာအောင်သင်းကိုယ်တိုင် အမှာစာ သုံးစောင်ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရရာ အလွန်ထူးခြားလှသည်။ လူငယ်တွေဖတ်ဖြစ်အောင် ဖတ်စေချင်တဲ့အမှာစာ၊ အောင်သင်း၏အမှာစကားနှင့် စကားဦးဟူသောအမည်များဖြင့် ညွှန်းထားပါ၏။

ပထမအမှာစာတွင် "လူငယ်များအတွက် အကြံပေးလိုသည်က စာအုပ်ကိုဝတ္ထုဖတ်သလို အစအဆုံးဖတ်ချင်ဖတ်လိုက်ပါ။ သို့သော် လက်လှမ်းနီးနီးတွင် ချထားလိုက်ပါ။ လမ်းကြုံလက်ကြုံလျှင် တွေ့ရာစာမျက်နှာကောက်လှန်ပြီး တွေ့ရာနီတိကိုဖတ်လိုက်ပါ။ ခံတွင်းမတွေ့သေးလျှင် နောက်တစ်ချက်ကြုံရာလှန်လိုက်ပါ။ ခံတွင်းတွေ့သည့်နီတိကိုတွေ့လိုက်လျှင် ပြန်ပိတ်ပြီး ထိုအဆိုအမိန့်အတွေးအခေါ်ကို ကိုယ့်ဘဝအတွေ့အကြုံနှင့် ယှဉ်တွဲသုံးသပ်ကြည့်ပါ။ ဝတ္ထုတွေဖတ်ရတာထက် အရသာပိုပြီးတွေ့လာပါလိမ့်မည်"ဟု ဆရာအောင်သင်းက မှာကြားပါသည်။ ဒုတိယအမှာစကားအဆုံးပုဒ်တွင် "ထိုအတိုကလေးများကိုဖတ်၍ ကျွန်တော်တွေးမိ ကြံမိသမျှကလေးတွေကိုလည်း တင်ပြထားပါသည်။ စာဖတ်သူကကျွန်တော့်ထက် ဉာဏ်ခံကြီးသူဖြစ်လျှင်ကား ပိုမိုကျယ်ဝန်းသွားတော့မည်သာဖြစ်ပါတော့သည်"ဟူ၍ စာဖတ်သူကို အတွေးထက်မြက်စေရန် လှုပ်နှိုးထားပြန်သည်။ တတိယအမှာစာတွင် "ကျွန်တော့်အတွေ့အကြုံအရ စာလေးတစ်ကြောင်း၊ စကားလေးတစ်လုံးသည် မိမိအတွေးကိုလင်းခနဲလက်ပြီး ပွင့်သွားစေသည်ကို မကြာခဏကြုံခဲ့ဖူးပါသည်။ ထိုသို့သောအတွေ့အကြုံများကို မျှဝေလိုသောကြောင့် 'သူ့အတွေးကိုယ့်အမြင်'ဟူသောဆောင်းပါးတိုထွာလေးများကို ရေးလိုက်ရခြင်းဖြစ်ပါသည်"ဟု စကားဦး ဆိုထားပြန်ပါသည်။

ဆရာအောင်သင်းက"လုပ်ရမှာကိုကြိုက်"ဟူသောအဖွင့်ဆောင်းပါးကို ဆာဂျိမ်းစ်အမ်ဘာရီ၏ အဆိုအမိန့်ဖြင့် စတင်ပါသည်။ ဆရာအပါအဝင်လူတော်တော်များများက ကိုယ်ကြိုက်တာလုပ်နေရရင် ပျော်တာပဲဟူ၍ တွေးတတ်ကြသည်။ နီတိဆရာ"ဘာရီ"ကတော့ လုပ်ရမှာကိုကြိုက်လာမှ ပျော်ရွှင်မှုဟု ပြောလိုက်သည်။ ဆက်၍ဆရာအောင်သင်းက သူ့ဘဝတွင်ကျောင်းဆရာအလုပ်လုပ်ရင်း စာဖတ်စာရေးဝါသနာပါ၍ စာရေးဆရာဖြစ်လာသည်ဟုဆိုပါ၏။ စာသင်ရသောဆရာဘဝကို အလွန်ကြိုက်၍ ခက်ခဲသည့်စာများကို ကလေးများသင်လျှင် နားလည်စေရန် အားထုတ်ရပုံ၊ ဟောပြောပွဲများအတွက် ရှင်းလင်းပီသစွာဟောပြောရန် ကြိုးပမ်းပုံတို့ကို ပြောပြသည်။ ကျောင်းဆရာအလုပ်ကို အလုပ်လုပ်သည်ဟုမအောက်မေ့မိဘဲ ကိုယ်ကြိုက်တာလျှောက်လုပ်နေသည်ဟု ထင်မိတွေးမိပုံကိုလည်း ဝန်ခံထားသည်။ လူ့ဘဝတွင်ဖြစ်ချင်တာထက် ဖြစ်သင့်တာကို လုပ်ရမည်ဟူသောစကားကို သတိရမိပြန်သည်။ "တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်"ဟူသောအဆိုအမိန့်ကလည်း လူငယ်ထုအပေါ် လွှမ်းခြုံခဲ့ဖူးပါသည်။ ကိုယ်လုပ်ရမည့်အလုပ်ကို ကြိုက်နှစ်သက်စွာလုပ်ဆောင်မှလည်း ထိုက်သင့်သောအောင်မြင်မှုများ ရနိုင်မည်လည်းဖြစ်ပါသည်။ လုပ်ရမှာကိုကြိုက်လာအောင် ကြိုးစားအားထုတ်ရန်ညွှန်ပြပေးသော စာတစ်ပုဒ်ဖြစ်ပါသည်။

ရက်ရာဇာဟုခေါင်းစဉ်တပ်ထားသော ဆောင်းပါးတွင် အမေရိကန်စာရေးဆရာကြီး မာ့တွိန်း၏စာကို ဆရာအောင်သင်းက ဘာသာပြန်ထားရာ "တစ်သက်တစ်ခါ ကောင်းကြမ္မာတံခါးလာ၍ ခေါက်စမြဲ သို့သော်များသောအားဖြင့် လမ်းထိပ်က ဘုံဆိုင်ရောက်နေသောကြောင့် တံခါးခေါက်သံကို မကြားမိလိုက်မိချေ"ဟူ၍ဖြစ်ပါသည်။ မူရင်းဆရာ၏ အာဘော်မှာ လမ်းထိပ်က ဘုံဆိုင်ဆိုသည်ကို ဆရာအောင်သင်းက ဘုံဆိုင်မှာ အရက်သောက်မူးနေသည်ဟု ဆိုလိုဟန်မရှိဟု ယူပါသည်။ အပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါး ဟေးလားဝါးလားလုပ်နေသည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း ပြောပါသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ ဆရာအောင်သင်း၏ သူငယ်ချင်းဆရာတစ်ဦးက "အခွင့်အရေးဆိုတာ ဘယ်သူ့ဆီကိုမဆို ရောက်လာတတ်တာပါပဲ။ ဒါပေမဲ့ ယူနိုင်အောင် အသင့်ပြင်မထားလို့ မယူနိုင်တာပါ။ တံခါးခေါက်ပေမဲ့ ဖွင့်မပေးနိုင်ဘူးပေါ့"ဟု ပြောဖူးကြောင်း ရေးသားထားရာ သဘောထားအတူတူဖြစ်ပါသည်။ ဆရာအောင်သင်းက အောင်မြင်ကြီးပွားသူများသည် အခွင့်အရေးကောင်းကိုရရန် ပြင်ဆင်စောင့်ဆိုင်းနေသူများဟုလည်းဆိုပြန်ရာ လူငယ်များအတွက် ပြင်ဆင်ရမည့်အချက်များချဲ့တွေးစဉ်းစားရန် လိုအပ်လှပါသည်။ အသိပညာ၊ အတတ်ပညာများ ဆည်းပူးကြရန် ညွှန်ပြခဲ့သည်များကလည်း အဆက်ဆက်ရှိခဲ့ ရှိဆဲ ရှိနေဦးမည်မှာလည်း သေချာပါသည်။

ဆရာအောင်သင်းက နိုင်ငံသိ စာရေးဆရာကြီး ပါရဂူနှင့် ဘာမင်ဂမ်ဆရာတော်ဟု ကျော်စောသော ဒေါက်တာ ရေဝတတို့ကို အင်တာဗျူးလုပ်ခဲ့ဖူးရာ နှစ်ဦးစလုံး၏ ငယ်ဘဝသည် ကျေးလက်နေသူများ၊ ဘဝကို ကြမ်းတမ်းစွာဖြတ်သန်းကြရသူများဖြစ်ကြသည်။ ထိုနှစ်ဦးစလုံးပင် ပစ္စုပ္ပန်ကိုအာရုံစိုက်၍ အနာဂတ်ကို သာမန်မျှသာ သဘောထားသည်။ အခွင့်အရေးများက သူတို့တံခါးကို မကြာခဏလာခေါက်တိုင်း အသင့်ဖွင့်ပေးလိုက်နိုင်ကြသည်။ သူတို့က အမြဲအသင့်ဖြစ်နေကြသည်။ ဟေးလားဝါးလားသမားများမဟုတ်ဟုလည်း ဆိုပါသည်။ ရက်ရာဇာဟူသောခေါင်းစဉ်သည်ပင် လူငယ်များအတွက် နေ့စဉ်ရက်ရာဇာအဖြစ် ပစ္စုပ္ပန်ကို ကောင်းစွာအသုံးချရန် လိုအပ်ကြောင်း မီးမောင်းထိုးပြသည်ဟု သုံးသပ်မိပါသည်။

ဘဝကို အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုရှင်းပြကြသော်လည်း တာဝန်ဆိုသောစကားကိုမူ လူတိုင်းနားလည်ကြသည်။ သို့သော် ထိုစကားလုံး နှစ်လုံးကို ဖြတ်သန်းကြ၊ ထမ်းဆောင်ကြရာတွင်ဖြင့် တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ကြပါ။ တစ်ခါတစ်ရံ အတူတွဲဖက်ယူရသောတာဝန်မျိုးကတော့ ရှိနိုင်ပါ၏။ တာဝန်ဆိုတိုင်း ကျေပွန်စွာထမ်းရွက်ကြပါရဲ့လားဟူသော မေးခွန်းကပေါ်လာသေးသည်။ မိမိကိုယ်တိုင်ပင်လျှင် ရဲရဲဝံ့ဝံ့မဖြေဆိုနိုင်ကြောင်းကိုလည်း သတိပြုမိပါသေးသည်။ ဆရာအောင်သင်း၏ စာအုပ်တွင် ဘဝနှင့်တာဝန်ဟူသော ဆောင်းပါးတစ်ပုဒ် ပါရှိပါသည်။ အမေရိကန်ကဗျာဆရာ အယ်လင်စတားဂျစ်ကူးပါး၏ ၁၉ ရာစုက ရေးဖွဲ့ခဲ့သော ကဗျာတစ်ပိုင်းတစ်စဖြင့် အစပျိုးထားရာ "အိပ်မက်ထဲတွင် ဘဝသည်အလှဟု မြင်ခဲ့သည်။ နိုးလာတော့ ဘဝသည် တာဝန်ဖြစ်နေသည်" ဟူ၍ဖြစ်ပါသည်။

ဆရာအောင်သင်း၏ဘဝအပေါ်မြင်သောအမြင်မှာ "ဘဝဆိုသည်မှာ တာဝန်တွေ၊ ဝတ္တရားတွေကို ထမ်းဆောင်ကြ ရခြင်းသာဖြစ်နေသည်။ သူတစ်ပါးကပေးသောတာဝန်ရှိသည်။ မိမိကိုယ်မိမိပေးထားသော တာဝန်ရှိသည်။ မည်သို့ပင်ဖြစ်စေ တာဝန်ကိုတော့ဖြင့် ထမ်းနေကြရသည်"ဟု ဖြစ်သည်။ လူတိုင်းလူတိုင်းတွင် တာဝန်အသီးသီးရှိကြောင်းကိုလည်း လူဆိုး၊ လူကောင်းမဟူ တာဝန်ရှိနေကြောင်း ဆရာကဆိုပြန်သည်။ ကလေးသူငယ် ကျောင်းနေအရွယ် တာဝန်ယူကြရပုံ၊ ကစားရာတွင် ကျရာနေရာမှ တာဝန်ကျေအောင် ထမ်းရပုံတို့ကိုလည်း ဖော်ပြထားပါသေးသည်။

တာဝန်မဲ့သူတစ်ဦးကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးတတ်သော သဘာဝကိုလည်း ဆရာက သတိပေးပါသေးသည်။ ဆရာက ဆောင်းပါးနိဂုံးပိုင်းတွင် သူငယ်စဉ်ကတည်းက ကြားဖူးနားစွဲနေသော "လူတိုင်း၏တာဝန်သည် မည်သူ၏တာဝန်မျှမဟုတ်" "Everybody's Duty is Nobody's Duty" ဟူသောစကားကို ထည့်သွင်းသတိရစေပါသေးသည်။ ဥပမာအားဖြင့် မြို့တော်သန့်ရှင်းရေးမှာ လူတိုင်း၏တာဝန်ဖြစ်သောကြောင့် ကိုယ့်တာဝန်ဟုမထင်တော့ဘဲ ကွမ်းသွေးကို ထင်သလိုထွေးတတ်ကြောင်းကို ရှင်းပြပါသည်။ စာဖတ်သူတိုင်း သို့မဟုတ် လူတိုင်းလူတိုင်းလက်ခံနိုင်မည့် ဆရာအောင်သင်း၏အမြင်တစ်ရပ်မှာ "ဘဝဆိုသည်မှာ တာဝန်များနှင့် ထွေးလုံးရစ်ပတ်ဖြစ်နေရသည်ကား အမှန်ပင်ဖြစ်သည်"ဟု ရှုမြင်ထားပါသည်။ ဆရာ၏ ဆောင်းပါးများပါစာအုပ်ကို သူ့အတွေး၊ ကိုယ့်အမြင်ဟု အမည်ပေးထားသော်လည်း ဆရာယူသောအတွေး၊ ဆရာမြင်သောအမြင်တို့မှ တစ်ဆင့် စာဖတ်သူများ ဆက်လက်၍ အတွေးမျှင်တန်း၊ အမြင်ကျယ်ဝန်းရန် တာဝန်ရှိနေပါကြောင်း ဖော်ပြလိုက်ပါသည်။

❖ ဆရာအောင်သင်း၏ဘဝအပေါ် မြင်သောအမြင်မှာ "ဘဝဆိုသည်မှာ တာဝန်တွေ၊ ဝတ္တရားတွေကို ထမ်းဆောင်ကြရခြင်းသာဖြစ်နေသည်။ သူတစ်ပါးကပေးသောတာဝန်ရှိသည်။ မိမိကိုယ်မိမိပေးထားသော တာဝန်ရှိသည်။ မည်သို့ပင်ဖြစ်စေ တာဝန်ကိုတော့ဖြင့် ထမ်းနေကြရသည်"ဟု ဖြစ်သည်။ လူတိုင်းလူတိုင်းတွင် တာဝန်အသီးသီးရှိကြောင်းကိုလည်း လူဆိုး၊ လူကောင်းမဟူ တာဝန်ရှိနေကြောင်း ဆရာကဆိုပြန်သည်။ ကလေးသူငယ် ကျောင်းနေအရွယ် တာဝန်ယူကြရပုံ၊ ကစားရာတွင် ကျရာနေရာမှ တာဝန်ကျေအောင် ထမ်းရပုံတို့ကိုလည်း ဖော်ပြထားပါသေးသည်။ ❖

**ကိုးကား**

– **(၁) အောင်သင်း သူ့အတွေး ကိုယ့်အမြင် (အောင်သင်း) ရွှန်းပွင့်စာအုပ်တိုက် (၂၀၀၈)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၁၈၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**တမူး ဇက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၁၈၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးမြို့နယ်တွင် မိုးစပါး ၁၅၅၇၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၁၈၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးမြို့နယ်မှာ မိုးစပါးဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဒီနှစ် မိုးစပါးစိုက်ပျိုးမှုကတော့ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးအတွက် ကာကွယ်နည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေ ဆောင်ရွက်ပေးလျက်ရှိတယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါး ၁၅၅၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် တမူးမြို့နယ်တွင် မိုးစပါး စိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် တမူးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

## အမ်းမြို့နယ် ဒိုင်းကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမ်း ဇက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုင်းကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် ဒိုင်းကြီးကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းလုပ်ငန်း (RBF) ရန်ပုံငွေ ကျပ်သိန်း ၄၀၀ ဖြင့် မွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေ ကျပ်သိန်း ၄၀၀ ကို ဒိုင်းကြီးကျေးရွာရှိ CP ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် Golden Pig အဖွဲ့၊ CP ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် Lucky Pigအဖွဲ့၊ ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ရွှေကြက်ဖနှင့် ဒေသန္တားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တိုးတက်အောင်အဖွဲ့ စုစုပေါင်းအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်းနှုန်း၊ အသင်းဝင်များမှထည့်ဝင်ငွေ တစ်ဖွဲ့လျှင် ငွေကျပ် ၂၅ သိန်းစီဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇင်မာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဧည့်သည်များ

ချစ်မင်း(မြစ်သား)

သံသရာတွင် ကျင်လည်ကြရသော သတ္တဝါတို့သည် ရှည်လျားသောသံသရာခရီးများကို မမောနိုင်ဘဲ စက်ဝန်းပမာ လှည့်လည်သွားလာနေကြရသည်။ သုံးဆယ့်တစ်ဘုံတွင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ စသည့် ကောင်းမွန်စွာဖြတ်သန်းကျင်လည်ရသော ဘုံဘဝများရှိသကဲ့သို့ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန် စသည့် ဆင်းရဲဒုက္ခအတိ ပြည့်နေသည့် ဘုံဘဝများလည်း ရှိပေသည်။ သတ္တဝါတို့၏ ရုပ်၊ နာမ်သဘောတရားများသည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို မလွဲမသွေ ကြုံရမည်ဟု ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က ဟောကြားတော်မူခဲ့လေသည်။ ရှေးဘဝအတိတ်က ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာ စသည့်ကုသိုလ်ကံကြောင့် ကောင်းမွန်သောဘဝများတွင် ကျင်လည်ရခြင်းဖြစ်သည်။ ထိုသို့ကောင်းမွန်သောဘဝများတွင် နေထိုင်ရခြင်းသည်လည်း တည်မြဲခြင်းအစဉ်မရှိပေ။ လူသားတို့သည် လူလောက၌ ခဏတာခိုနားခွင့်ရသော ခရီးသည်များသာဖြစ်သည်။

အချို့သောလူတို့သည် ရှေးကုသိုလ်ကံကြောင့် ရောက်ရှိလာသော လူ့ဘဝတွင် မိမိတို့နောက် အရိပ်ပမာ အမြဲမသွေ ကပ်ငြိပါနိုင်မည့် ကုသိုလ်ကောင်းမှု အသွယ်သွယ်တို့ကို လုပ်ဆောင်ရန် မေ့လျော့နေတတ်ကြသည်။ မမြဲသောခန္ဓာကိုယ်ကြီးကို ငါ့ခန္ဓာဟု ထင်မှတ်ကြလေသည်။ နိဗ္ဗာန်ရောက်ကြောင်းတရားကို ကျင့်ကြံမှ သံသရာခရီး၏ အဆုံးမှတ်တိုင်ဖြစ်သော အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိသည့် ထာဝစဉ်ငြိမ်းချမ်းသောနိဗ္ဗာန်ကို ရောက်ရှိမည်ဟု သံဃာတော်အရှင်သူမြတ်တို့ကလည်း ဟောကြားလေ့ရှိသည်။ လူ့ဘဝရောက်ခိုက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အထောက်အပံ့ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တို့ကို အချိန်ရှိခိုက် လုပ်ဆောင်ပါမှ မွန်မြတ်ခြင်း၊ ကောင်းမွန်ခြင်းများ လွှမ်းနေမည့် သံသရာခရီးသည်ဖြစ်ပေမည်။ မေ့လျော့တတ်သည့်လူတို့ကို-

“လာတုန်းကလည်း တစ်ယောက်တည်းနော်
လက်တွဲခေါ်ကာ ဖော်မပါဘူး
ဥစ္စာချည်းနှီး ကိုယ်ထီးတည်း။
ပြန်သွားတော့လည်း တစ်ယောက်တည်းနော်
လက်တွဲခေါ်ကာ ဖော်မပါဘူး
ဥစ္စာချည်းနှီး ကိုယ်ထီးတည်း။
လာပြီးတော့နား မသွားသေးခင်
ချိန်လေးတွင်းမှ
ဝန်းကျင်ယှက်နွယ် နှောင်ကြိုးတွယ်ကြ
ပြုံး၊ ရယ်၊ မဲ့၊ ငို၊ ချစ်၊ မုန်းပိုကြ။
မလိုဒေါသ လိုလောဘနှင့်
ဘဝရိပ်မြုံ ကကြိုးစုံခဲ့
ကံကုန်မိုးချုပ် လက်တွဲ ဖြုတ်ကာ
သုတ်သုတ်ဆောလျင် ခရီးနှင်သည်
ဒို့ပင် သံသရာဧည့်သည်ပါတကား”ဟူ၍ မင်းကွန်းဆရာတော်ကြီးက ရေးသားသတိပေးထားသည်ကို တွေ့ရှိရသည်။

ဘဝဝမ်းစာအတွက် အဝေးတစ်နေရာ၌ အလုပ်လုပ်ကိုင်နေကြသော လူငယ်၊ လူလတ်၊ လူကြီးတို့သည်လည်း တန်ခူးလတွင် မိမိတို့၏ မွေးရပ်ဇာတိကို ပြန်လာလေ့ရှိကြသည်။ တချို့သည် မိမိတို့ အပေါင်းအသင်းများနှင့် ပြန်ဆုံတွေ့ကာ မရောက်သေးသော တန်ခူးလအတာရေသဘင်ပွဲကို ကြိုဆိုသည့်အနေဖြင့် အပျော်လွန်ကာ သောက်စားလေ့ရှိကြပြန်သည်။

> ❖ မမြဲသောခန္ဓာကိုယ်ကြီးကို ငါ့ခန္ဓာဟုထင်မှတ်ကြလေသည်။ နိဗ္ဗာန်ရောက်ကြောင်းတရားကိုကျင့်ကြံမှ သံသရာခရီး၏ အဆုံးမှတ်တိုင်ဖြစ်သော အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိသည့် ထာဝစဉ်ငြိမ်းချမ်းသောနိဗ္ဗာန်ကို ရောက်ရှိမည်ဟု သံဃာတော်အရှင်သူမြတ်တို့ကလည်း ဟောကြားလေ့ရှိသည်။ လူ့ဘဝရောက်ခိုက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အထောက်အပံ့ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တို့ကို အချိန်ရှိခိုက်လုပ်ဆောင်ပါမှ မွန်မြတ်ခြင်း၊ ကောင်းမွန်ခြင်းများ လွှမ်းနေမည့် သံသရာခရီးသည်ဖြစ်ပေမည်။ ❖

နှစ်တစ်နှစ်၏ကုန်ဆုံးချိန် တပေါင်းလမှာ “သည်နှစ်ကို မည်သို့ဖြတ်သန်းခဲ့သလဲ”ဟု ပြန်လည်ဆန်းစစ်သင့်သည်။ အနိစ္စသဘောကို အချိန်မကျသေး၍ မဆိုက်ရောက်သေးသော ရထားကဲ့သို့ မမှတ်အပ်သင့်ပေ။ မိမိတို့သည် လူ့ဘဝကို ဧည့်သည်အဖြစ်သာ လာရောက်ကြရ၍ သံသရာအတွက် အကျိုးမရှိသည့် ကိစ္စများဖြင့် အချိန်မကုန်ဆုံးသင့်ပေ။ အပျော်မှ အပျက်မဖြစ်ရန် သတိပြုရမည်။

လူ့ဘဝကို တစ်ယောက်တည်း လာရောက်ရသည်မှာ မှန်သော်လည်း မိဘ၊ သားသမီး၊ ညီအစ်ကို မောင်နှမ၊ အပေါင်းအသင်းမိတ်ဆွေတို့နှင့်ကြုံပြီး သံယောဇဉ်တွယ်ငြိလေ့ရှိကြသည်။ လောကကို ကောင်းမွန်စွာ ကျင်လည်နေကြသူများရှိသကဲ့သို့ အကုသိုလ်များဖြင့်သာ မွေ့လျော်နေသော ပုဂ္ဂိုလ်များလည်းရှိပြန်သည်။ ထိုသို့အကုသိုလ်ဖြင့်သာ မွေ့လျော်နေသူသည် ရှောင်ကြဉ်သင့်သော လူမိုက်ပင်ဖြစ်သည်။ ထို့ကြောင့် (၃၈) ဖြာမင်္ဂလာတွင် “လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ”ဟူ၍ ညွှန်ပြဆုံးမထားသည်။

မိဘကိုရွေးချယ်ခွင့်မရသော်လည်း အပေါင်းအသင်းကိုမူ ရွေးချယ်ခွင့်ရှိလေသည်။ တချို့သည် အပေါင်းအသင်းကြောင့် မှားယွင်းသောလမ်းသို့ ရောက်ကြရသည်။ တချို့မှာမူ မိမိကိုယ်တိုင်က အကျင့်စာရိတ္တပျက်ပြားကာ လမ်းမှားရောက်နေကြရသည်။ ခဏတာသွားလာရသောခရီးကို အဝတ်အစား၊ အသုံးအဆောင်ပစ္စည်း၊ စာရွက်စာတမ်းများကို ပြင်ဆင်ယူဆောင်ရလေ့ရှိသည်။ ကြိုတင်ပြင်ဆင်ခဲ့မှ မိမိသွားလိုသော နေရာရောက်သည့်အခါ အခက်အခဲနည်းပါးမည်ဖြစ်သည်။ သံသရာခရီးကို သွားလာနေသောသူတို့သည် အကုသိုလ်များသာ ပြုလုပ်နေသောသူများကို ရှောင်ကြဉ်ရပေမည်။

လောကီတွင်လည်း ကောင်းကျိုးများရရှိအောင် နေထိုင်ကျင့်ကြံသင့်သည်။ စား၊ ဝတ်၊ နေရေးအတွက် အချိန်ပေးနေရသည်ကို အကြောင်းပြပြီး ဘုရားကျောင်းကန်သွား၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာပွားများခြင်း၊ လူ့အဖွဲ့အစည်းအတွင်း၌ လူသားအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို မပျက်ကွက်သင့်ပေ။ လူတိုင်းသည် စီးပွားရှာနေကြရ၍ အားလပ်ချိန်နည်းပါးကြလေသည်။ လူတို့သည် မအားလပ်သည့်ကြားမှ သေမင်း၏ ခေါ်ရာသို့ လိုက်ပါကြရသည်။ အားလပ်ချိန်မရှိခြင်း ဟူသော အကြောင်းပြချက်ကိုသုံးစွဲပြီး မိမိအတွက်၊ လူသားတို့အတွက် ကောင်းကျိုးမပြုခဲ့ဘဲ သေဆုံးခဲ့ရလျှင် သေခြင်းကောင်းမည်မဟုတ်ပေ။ မိမိတို့သည် ငါးပါးသီလကို မြဲမြံခြင်း၊ တရားဘာဝနာပွားများခြင်း၊ မိဘ၊ ဆရာ ကျေးဇူးကိုဆပ်ခြင်းတို့ကို ပြုလုပ်နေမှ မွန်မြတ်သော ခရီးသည်ဖြစ်ပေမည်။ ထိုမှလွန်၍ လူ့ဘောင်အတွင်း လူသားကောင်းကျိုးပြုလုပ်ငန်းများ ဖြစ်သော ပရဟိတဟူသည့် အများအကျိုးသယ်ပိုးခြင်းကိုလည်း လုပ်ဆောင်သွားမှ လောကီတွင်နေထိုင်ရာ၌ မြတ်သောလူသားတစ်ဦးဖြစ်ပေမည်။

သံသရာခရီး၌ မြတ်သောခရီးသည်များကိုညွှန်ပြပါဟုဆိုလျှင် လောကုတ္တရာ၌ ဘုရားရှင်၏ လမ်းညွှန်မှုအတိုင်း တရားဘာဝနာ ကျင့်ကြံအားထုတ်နေသော ဘုရား၏သားတော်များဖြစ်သည့် ရဟန်းသံဃာများကို ညွှန်ပြရလိမ့်မည်။ ရဟန်းသံဃာတို့သည် ဘုရားရှင်၏ စိတ်နှလုံးအတိုင်း “သံသရာမှ လွတ်မြောက်အောင် ငါတစ်ယောက်တည်း ကျင့်ကြံနေခြင်းမဖြစ်အပ်။ သတ္တဝါတို့ကို ကယ်တင်ရမည်။ ချားရဟတ်လိုလည်နေသောသံသရာမှ လွတ်မြောက်ရာလမ်းကို ကူညီလမ်းညွှန်ပေးရမည်”ဟူ၍ စိတ်နှလုံးမူလျက် လူသားတို့ကို တရားရေအေးများ တိုက်ကျွေးလေ့ရှိသည်။ ဒါနပြုလုပ်ရခြင်း၏အကျိုး၊ သီလဆောက်တည်ရခြင်း၏အကျိုး၊ ဘာဝနာပွားများရခြင်း၏အကျိုးများကို ညွှန်ပြဟောပြောလေ့ရှိသကဲ့သို့ အကုသိုလ်တရားများ၏ကြောက်မက်ဖွယ် အကျိုးတရားများကိုလည်း သိရှိစေပြီး မလုပ်ဆောင်ရန် တားမြစ်ကြသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလဆန်းတွင် ကာဠုဒါယီသည် မြတ်စွာဘုရားရှင်ကို ကပိလဝတ်ပြည်သို့ပင့်ဆောင်ရန် ရာဇဂြိုဟ်မြို့သို့ ရောက်ရှိလာခဲ့ဖူးသည်။ ထိုအချိန်တွင် မြတ်စွာဘုရားရှင်၏ တရားတော်ကို နာကြားခွင့်ရ၍ ကာဠုဒါယီနှင့်တကွ နောက်ပါအခြံအရံအားလုံး ရဟန္တာဖြစ်သွားကြလေ၏။ ကာဠုဒါယီသည် မိဘကျေးဇူးကိုသိတတ်သူဖြစ်သဖြင့် မိမိ၏ဖခမည်းတော်နှင့် ဆွေမျိုးများကို ချီးမြှောက်လိုသောဆန္ဒကြောင့် မြတ်စွာဘုရားရှင်အား ကပိလဝတ်ပြည်သို့ ကြွတော်မူရန် လျှောက်ထားလေသည်။ ရာဇဂြိုဟ်မြို့နှင့် ကပိလဝတ်ပြည်သည် ယူဇနာပေါင်း ၆၀ ကွာဝေးသည်။ တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ စတင်ကြွတော်မူရာ ကဆုန်လပြည့်ကျော် ၁ ရက်နေ့တွင် ကပိလဝတ်သို့ ဆိုက်ရောက်တော်မူလေ၏။ ထိုနေ့ကို ပြည်တော်ဝင်နေ့ဟုလည်း ခေါ်ကြလေသည်။ တပေါင်းလသည် ပြည်တော်ဝင်နေ့ဖြစ်ပေါ်စေရန် အစချီခဲ့သောလဖြစ်သည်။ မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့သည် လူသားတို့၏ကောင်းကျိုးကိုပါ ကြည့်ရှုလမ်းညွှန် တရားရေအေး တိုက်ကျွေးသည့် မြတ်သောခရီးသည်များဟုဆိုရပေမည်။

မိမိတို့၏ခန္ဓာသည် အစဉ်အမြဲတည်မြဲခြင်း မရှိသည်ကို သတိမူကြရမည်။ လူ့လောကသို့ ခဏတာသာ လာရောက်ရသော ခရီးသည်များဖြစ်သည့်အတွက် ကောင်းသောအရာများပြုလုပ်ခြင်းဖြင့်သာ အချိန်ကို အကျိုးရှိစွာ အသုံးချသင့်ပေသည်။ လောကီ၊ လောကုတ္တရာ နှစ်မျိုးတွင် မည်သည့်နယ်ပယ်၌ ကျင်လည်စေကာမူ ကုသိုလ်ကောင်းမှုများ၊ လူသားအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေသင့်ပေသည်။ တစ်ခဏသာ လာရောက်ရသော ဧည့်သည်များဖြစ်ကြ၍ သံသရာခရီး၌ မြတ်သောခရီးသည်များဖြစ်စေရန် အကုသိုလ်လုပ်ငန်းများကို တတ်နိုင်သလောက် ရှောင်ကြဉ်ကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသား လိုက်ရပါသည်။

# ပြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပြည် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များနှင့်အတူ ကြို့ကုန်းကျေးရွာနှင့် နတ်တလင်းကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပြည်မြို့နယ် ကြို့ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၈၈ သိန်း စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၈၈ သိန်းအသုံးပြုပြီး အရှည်ပေ၂၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း၊ နတ်တလင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၃ သိန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၅၃ သိန်း အသုံးပြုပြီး အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၂၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကြို့ကုန်းကျေးရွာနှင့် နတ်တလင်းကျေးရွာတို့မှ နေအိမ် ၂၁၉ အိမ်၊ လူ ၆၈၃ ဦးတို့၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။

ကိုညီ

# စနေနေ့ညမှာကစားမဲ့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေထဲက အသာရထားတဲ့ လီဗာပူးအသင်း၊ လိုက်ပ်ဇစ်အသင်း၊ ဆိုစီဒက်အသင်းတို့ကို အားပေးရမှာပါ




ဒီတစ်ပတ်စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေကိုပဲ အဓိကထားရွေးချယ်သွားမှာပါ။ ကြားရက်မှာတော့ အသင်းအားလုံးဟာ လိဂ်ဖလားပြိုင်ပွဲတွေနဲ့ အမှတ်ပေးပြိုင်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုနဲ့ ဒဏ်ရာရပွဲပယ်ကစားသမားတွေ ရှိနေမှာဖြစ်လို့ သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ လက်ရှိမှာ အမှတ်ပေးပွဲစဉ်တွေဟာ ပွဲစဉ် ခုနစ်ပွဲကျော်လာတာကြောင့် အသင်းအားလုံးရဲ့ အားနည်းချက်အားသာချက်တွေကို တွေ့မြင်ခဲ့ရပေမဲ့ အချို့အသင်းတွေကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးလို့ မှန်းဆရခက်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာ တိုက်စစ်ထက်မြက်ပြီး အစဉ်အလာပိုင်းမှာ အသာရထားတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

**လီဗာပူးအသင်းကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စပါးအသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ ပရီးမီးယားလိဂ်ရဲ့ ထိပ်သီးအသင်းတွေမှာ ပါဝင်နေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ လက်ရှိစပါးအသင်းဟာ နည်းပြပိုစတီကိုဂလူကို ခန့်အပ်ပြီးနောက်ပိုင်း ပရီးမီးယားလိဂ်ရှုံးပွဲမရှိသေးတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နွေရာသီမှာ တိုက်စစ်မှူးဟယ်ရီကိန်းကို ရောင်းချခဲ့ပေမဲ့ ဆော်လမွန်၊ မက်ဒီဆင်တို့ကို ပြန်လည်အားဖြည့်ခဲ့ပြီး တိုက်စစ်ပိုင်းမှာ ဆွန်ဟောင်မင်နဲ့ ရစ်ချာလီဆန်ကို အစားထိုးအသုံးပြုနေတာကြောင့် တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းပြကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ပဲ အသုံးပြုခဲ့ပြီး ဒီကစားကွက်မှာ ဆွန်ဟောင်မင်နဲ့ မက်ဒီဆင်က ခြေစွမ်းပြသနေတာဖြစ်ပါတယ်။ အမှတ်ပေးပွဲခြောက်ပွဲ ကစားအပြီးမှာ ဆွန်ဟောင်မင်က ငါးဂိုး၊ မက်ဒီဆင်က လေးဂိုးနဲ့ စပါးအသင်းကို ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာ အဓိက ကစားသမားတွေ အပါအဝင် ခုနစ်ဦးထိ ဒဏ်ရာရနေတာကြောင့် ကစားကွက်ပိုင်းအားနည်းချက်ရှိလာမှာ သေချာပါတယ်။

လီဗာပူးအသင်းကတော့ အားနည်းနေတဲ့ကွင်းလယ်ပိုင်းကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံမှာ ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ ပရီးမီးယားလိဂ်ပွဲစဉ်ခြောက်ပွဲမှာလဲ ချဲလ်ဆီးတစ်သင်းတည်းကိုသာ သရေကျခဲ့ပြီး ကျန်ပွဲစဉ်အားလုံးကို အနိုင်ရခဲ့တာကြောင့် ရမှတ် ၁၆ မှတ်နဲ့အဆင့်(၂)မှာရောက်ရှိနေတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက သွင်းဂိုး ၁၅ ဂိုးသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ငါးဂိုးသာပေးခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိမှာ ခံစစ်က ဗန်ဒိုက်ပြန်လည်ပါဝင်လာနိုင်ပေမဲ့ တောင်ပံကစားသမားအာနိုး ဒဏ်ရာကြောင့်မပါနိုင်သေးပေမဲ့ ခံစစ်ပိုင်းကျဆင်းသွားခြင်းမရှိဘဲ သူ့နေရာမှာ ဂိုးမက်ဇ်က အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြကလော့ပ်လက်အောက်မှာ ကစားသမားအားလုံး ပုံစံကောင်းပြသနေသလို နည်းပြရဲ့ လူစားလဲမှန်ကန်မှုတွေကြောင့်လဲ နောက်ဆုံးလေးပွဲမှာ တိုက်စစ်ပိုင်းက တစ်ပွဲသုံးဂိုးနှုန်းသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ လီဗာပူးက တိုက်စစ်ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမယ်ဆိုရင် ခံစစ်ပိုင်းအားနည်းနေတဲ့ စပါးအသင်း သေချာပေါက်ဂိုးပေးရမှာပါ။ ဒါ့ပြင် လီဗာပူးအသင်းက ၂၀၁၇ ခုနှစ်နောက်ပိုင်း စပါးအသင်းနဲ့တွေ့ဆုံမှုမှာ ရှုံးပွဲမရှိခဲ့တာကြောင့် လီဗာပူးအသင်းကိုပဲရွေးချယ်ရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၀ | - | ၂ | စပါး |
| ဖူလ်ဟမ် | ၁ | - | ၁ | စပါး |
| ဘန်လေ | ၂ | - | ၅ | စပါး |
| စပါး | ၂ | - | ၁ | ရှက်ဖီး(ယူ) |
| အာဆင်နယ် | ၂ | - | ၂ | စပါး |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၃ | - | ၀ | အေဗီလာ |
| ဝုဗ် | ၁ | - | ၃ | လီဗာပူး |
| လက်လင့် | ၁ | - | ၃ | လီဗာပူး |
| လီဗာပူး | ၃ | - | ၁ | ဝက်စ်ဟမ်း |
| လီဗာပူး | ၃ | - | ၁ | လက်စတာ |

**လိုက်ပ်ဇစ်အသင်းနဲ့လက်တွဲရမှာပါ**

ဘွန်ဒက်လီဂါ ပွဲစဉ်(၆)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ထိပ်သီးအသင်းကြီး နှစ်သင်းဖြစ်တဲ့ လိုက်ပ်ဇစ်နဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ နွေရာသီမှာ ဆိုင်မွန်၊ ဆက်ကို၊ အိုပန်ဒါတို့လို တိုက်စစ်ကစားသမားတွေကို ခေါ်ယူအားဖြည့်ခဲ့ပြီးနောက်ပိုင်း တိုက်စစ်ပိုင်းထက်မြက်လာတာကို တွေ့ရမှာပါ။ သူတို့တိုက်စစ်ဟာ ဘွန်ဒက်လီဂါပွဲတိုင်း ဂိုးသွင်းယူနိုင်ခဲ့ပြီး နောက်ဆုံး အိမ်ကွင်းနှစ်ပွဲမှာလဲ သွင်းဂိုး ရှစ်ဂိုးထိရရှိခဲ့တာဖြစ်ပါတယ်။ နည်းပြမားကိုစ်ရို့စ်ကတော့ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းအပြောင်းအလဲပြုလုပ်နေတာကြောင့် အခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်လို တိုက်စစ်ကောင်းတဲ့အသင်းကို ဘယ်လိုကစားကွက်နဲ့ တုံ့ပြန်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးခဲ့ပြီး ရမှတ် ၁၂ မှတ်နဲ့ အဆင့်(၄)မှာရပ်တည်နေပေမဲ့ အဆင့်(၁) ဘိုင်ယန်မြူးနစ်နဲ့ တစ်မှတ်သာ ကွာဟနေတာကြောင့် ချန်ပီယံဆုဖလားအတွက် ဖိအားပေးနိုင်ဖို့ အခုပွဲစဉ်ကို ရေကုန်ရေခန်းကစားလာမှာ သေချာပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ရာသီအစ လိုက်ပ်ဇစ်ကို ဖလားပွဲစဉ်မှာ ရှုံးနိမ့်ပြီးနောက်ပိုင်း ရှုံးပွဲမရှိခဲ့တာကြောင့် အမှတ်ပေးပွဲမှာ ရမှတ် ၁၃ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဟယ်ရီကိန်းကိုခေါ်ယူပြီးနောက်ပိုင်း တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် လိုက်ပ်ဇစ်အသင်းနဲ့ ပွဲစဉ်ကလွဲရင် ကျန်ပွဲစဉ်အားလုံးမှာ ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ဟာ နောက်ဆုံးငါးပွဲအတွင်းမှာ ၁၉ ဂိုးထိသွင်းယူထားနိုင်ခဲ့တာကိုလဲ သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ လိုက်ပ်ဇစ်လို နည်းစနစ်ကောင်းပြီး တိုက်စစ်ထက်မြက်နေတဲ့အသင်းကို တိုက်စစ်ဖွင့်ကစားမယ်ဆိုရင် နိုင်ပွဲရဖို့ထက် မရှုံးဖို့ကိုသာ ဦးတည်လာရမှာပါ။ သူတို့နှစ်သင်းမှာ တစ်ယောက်ချင်းစွမ်းဆောင်ရည်ပိုင်းမှာ ဘိုင်ယန်မြူးနစ်က သာနေပေမဲ့ အသင်းလိုက်ကစားအားမှာတော့ လိုက်ပ်ဇစ်ကသာလွန်နေတာကြောင့် အနည်းဆုံးသရေကစားလာမဲ့ လိုက်ပ်ဇစ်အသင်းနဲ့ လက်တွဲသွားရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၅ | - | ၁ | စတုဂတ် |
| ယူနီယံဘာလင် | ၀ | - | ၃ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၃ | - | ၀ | အော့စ်ဘတ် |
| ယန်းဘွိုင်း | ၁ | - | ၃ | လိုက်ပ်ဇစ် |
| ဂလာဘတ် | ၀ | - | ၁ | လိုက်ပ်ဇစ် |

**ဘိုင်ယန်မြူးနစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၁ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၂ | လေဗာကူဆင် |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၃ | မန်ယူ |
| ဘိုင်ယန်မြူးနစ် | ၇ | - | ၀ | ဘိုချမ် |
| မန်စတာ | ၀ | - | ၄ | ဘိုင်ယန်မြူးနစ် |

**ဆိုစီဒက်အသင်းကို အားပေးရမှာပါ**

စပိန်လာလီဂါ ပွဲစဉ်(၈)ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်အသင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အဝေးကွင်းနိုင်ပွဲရယူပြီး ရလဒ်ကောင်းမွန်နေတာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်းမှာ အသင်းကြီးတွေနဲ့ဆို ခံစစ်အားပြုကစားခဲ့ပေမဲ့ ခြေရည်တူအသင်းတွေနဲ့ဆို တိုက်စစ်အသားပေးကစားလွန်းတာကြောင့် ခံစစ်က ပေးဂိုးများနေတာကိုတော့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကလဲ ဘီလ်ဘာအိုလို တိုက်စစ်ထက်မြက်တဲ့အသင်းကိုတော့ တိုက်စစ်ဖွင့်ကစားလာမှာ မဟုတ်ဘဲ တန်ပြန်တိုက်စစ်နဲ့သာ တုံ့ပြန်လာဖို့များပါတယ်။ တိုက်စစ်မှူး ကူဘိုကတော့ သွင်းဂိုးလေးဂိုးထိသွင်းယူပြီး အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲခုနစ်ပွဲအပြီးမှာ အဆင့်(၅)မှာရပ်တည်နေတာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရှာပြီး ချန်ပီယံလိဂ်ယှဉ်ပြိုင်ခွင့်အတွက် ကြိုးစားလာမှာပါ။

ဘီလ်ဘာအိုအသင်းဟာ အမှတ်ပေးပွဲ ခုနစ်ပွဲအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၄ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၄)မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ဂီတာဖေးနဲ့ ပွဲစဉ်မှာလဲ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ ပြိုင်ဘက်ရဲ့ တန်ပြန်တိုက်စစ်ကို မထိန်းချုပ်နိုင်ခဲ့တာကြောင့် ချေပဂိုးခွင့်ပြုလိုက်ရလို့ နှစ်ဂိုးစီနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ အိမ်ကွင်းကစားပုံ မာကျောတဲ့ ဆိုစီဒက်ကို အဝေးကွင်းမှာ နိုင်ပွဲရဖို့အတွက် ရုန်းကန်ရမှာဖြစ်သလို တိုက်စစ်ပိုင်းမှာ ဆန်းစက်အနီကတ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ခက်ခဲမှာသေချာပါတယ်။ သူတို့အသင်း တိုက်စစ်ကို အီနာကီဝီလျံက ဦးဆောင်နေပေမဲ့ သူ့အနေနဲ့ ခံစစ်ကစားပုံကောင်းတဲ့ အသင်းတွေကိုတော့ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါ့ပြင် ၂၀၁၁ ခုနှစ် နောက်ပိုင်းကစလို့ ဆိုစီဒက်အိမ်ကွင်းမှာ ဘီလ်ဘာအို နိုင်ပွဲမရခဲ့တာကြောင့် အိမ်ကွင်းကစားပုံကောင်းနေတဲ့ ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ပါးမက် | ၀ | - | ၀ | ဆိုစီဒက် |
| ဆိုစီဒက် | ၅ | - | ၃ | ဂရန်နာဒါ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | ဆိုစီဒက် |
| ဆိုစီဒက် | ၁ | - | ၁ | အင်တာမီလန် |
| ဆိုစီဒက် | ၄ | - | ၃ | ဂီတာဖေး |

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၄ | - | ၂ | ဘက်တစ် |
| မာယော့ကာ | ၀ | - | ၀ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၃ | - | ၀ | ကာဒီဇက် |
| အလာဗက် | ၀ | - | ၂ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၂ | - | ၂ | ဂီတာဖေး |

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# ထာဝရလှပသော အပြုံးအတွက်

# DENTOMEC




DENTIST RECOMMENDED




FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## ဝန်ထမ်းအလိုရှိသည်

(1) ယာဉ်မောင်း (အိမ်နေ) အမျိုးသား (1) ဦး

(2) စာရေး/စာရေးမ (ဘွဲ့ရ) အမျိုးသား/အမျိုးသမီး (1) ဦး

- အမှတ်စဉ် (1)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းရမည်။
- အမှတ်စဉ် (1)နှင့်(2)အတွက် စကားအပြောအဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- စိတ်ဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ။ ။ အမှတ်(14)၊ 85လမ်း၊ 28×29ကြား၊မန္တလေးမြို့။

ဆက်သွယ်ရန်။ ။ 09-5069199 , 09-4069291

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ကြည်

## အသက်(၉၅)နှစ်

ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက်ပိုင်း၊ (၃)လမ်းနေ (ဦးတင်လှိုင်)+ဒေါ်စန်းစန်းရီ ဦးတင်အေး+ဒေါ်လန်းရင်၊ ဦးဝင်းခိုင်+(ဒေါ်ရင်စန်း)၊ ဦးကျင်ရှန်+(ဒေါ်ဝေဝေ)၊ ဒေါ်မွေးမွေး၊ ဦးရှုကီ+ဒေါ်ခင်မာလာ၊ ဦးရဲမြင့်+ဒေါ်ခင်ခင်စိုး၊ (ဦးမျိုးလွင်)+ဒေါ်ဖြူဖြူဇင် တို့၏မွေးသမိခင်၊ မြေး(၁၉)ယောက်၊ မြစ်(၁၆)ယောက်တို့၏အဘွား၊ ဘုရားဒါယကာကြီး (ဦးပယ်)၏ဇနီး

ဒေါ်ညွန့်ကြည် အသက် (၉၅) နှစ်

သည် ၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက်၊ (26-9-2023) ရက်၊ အင်္ဂါနေ့ည (၉း၁၇)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (28-9-2023) ရက်၊ ကြာသပတေးနေ့ မွန်းတည့် (၁၂း၀၀)နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့်
Energy Saving Lamps များကို အသုံးပြုသင့်ပါသည်

## ဝန်ထမ်းအလိုရှိသည်

**(1) အရောင်းဝန်ထမ်း** **မ (5) ဦး**

- အသက် (18) နှစ်မှ (25) နှစ်အတွင်းဖြစ်ရမည်။
- ပညာအရည်အချင်း အထက်တန်းပြီးသူ (သို့) ကျောင်းဆက်မတက်သူဖြစ်ရမည်။

**(2) Cashier ဝန်ထမ်း** **မ (2) ဦး**

**(3) ဂိုဒေါင်ဝန်ထမ်း** **မ (5) ဦး**

- အမှတ်စဉ် (2),(3)အတွက် Computer Basic နှင့် Excel ကျွမ်းကျင်ရမည်။

**ဆက်သွယ်ရန်။** အမှတ် A/4၊ 35လမ်း၊ 70×71ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

Ph;09-787388829

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံ (အရှေ့)ရပ်ကွက်နေ ဦးအောင်နိုင်ဦး-ဒေါ်စိန်ငွေး တို့၏ သမီး **မနွေးနွေးကို (ခ) ဘန်နီ (၉/ခအစ(နိုင်)၀၄၉၂၈၄)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငရင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအောင်နိုင်ဦး(၉/မရမ(နိုင်)၀၃၂၇၈၈)**

**ဒေါ်စိန်ငွေး(၉/ကဆန(နိုင်)၀၂၅၀၆၃)**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကန်တော်ရပ်၊ အိမ်အမှတ် ခ/၂၉၀ နေ မောင်မဟိန္ဒာ (ဘ) ဦးရှိန်မနတ်(သ်) (၉/မကန(နိုင်)၀၈၇၂၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-318360)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၅၀၉၄၈၀၇၇**

## ခရီးသွားလုပ်ငန်းလုပ်ကိုင်ရန်
## ရုံးခန်းအငှားအလိုရှိသည်

- လမ်း ၇၀ နှင့် ၈၄ လမ်းအတွင်း၊ ၃၅လမ်းနှင့် ၂၆ လမ်းအတွင်း
- ခန့်မှန်းအကျယ်အဝန်းပေ (၁၅×၂၅)
- ငွေကျပ်ငါးသိန်းခန့်သုံးပါမည်
- ဆက်သွယ်ရန်/ ၀၉-၄၄၂၀၂၅၉၅၁

**မှတ်ချက်။** ။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပေးပါရန်။

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့တွင် လုပ်ကိုင်ရန်

- အလုပ်ကြမ်းလုပ်သား (၈) ဦး

ဆက်သွယ်ရန်/ နာရီစင်အနီး

ဖုန်း/ 09-986260350

(နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်းဆက်သွယ်ရန်)

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ ဦးကျော်စိန်(ဘ)လီကွေလီ (၉/မကန(နိုင်)၀၇၁၇၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-728068) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၃၁၅၅၂၄၆**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ ဒေါ်ဟွာဆုံ (ဘ) ဦးယန်အေ (၉/မကန(နိုင်)၀၅၃၈၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-728087) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၃၁၅၅၂၄၆**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အာဟာရဓာတ်အကူအညီ

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့်အောက်ကို ချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်...

❖ ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လို...

❖ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး နောက်လိုက်ကောင်းများဖြစ်ရမည်ဖြစ်...

❖ ညီညွတ်မျှတသည့်ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Global Sustainable Transport Forum)သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(Global Sustainable Transport Forum)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်ထိ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Global Sustainable Transport Forum)သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းက

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

**လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်**

**(၂၈-၉-၂၀၂၃)**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အရှေ့မြောက်ပိုင်းတို့တွင် နောက် ၂၄နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(**Low Pressure Area**)တစ်ခုဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းရသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၁ ရက်တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်း(**Well Marked Low Pressure Area**)အဖြစ်သို့ ရောက်ရှိနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသောအနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။ **(မိုး/ဇလ)**

---

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)





ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေးစံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com